မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပူတာအိုဒေသသည် ကမ္ဘာလှည့်ခရီးသွားများ နှစ်ခြိုက်သည့်ဒေသတစ်ခုဖြစ် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်

နိုင်ငံစီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အရေးပါသည့်ဒေသဖြစ်၍ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး စူးစမ်းရှာဖွေဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၈နာရီခွဲတွင် မြစ်ကြီးနားလေဆိပ်သို့ရောက်ရှိကြပြီး လေဆိပ်ခန်းမ၌ ဝန်ကြီးချုပ်အား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြစ်ကြီးနားလေဆိပ်နောက်ခံသမိုင်းနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့ရေးစီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်းထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်)

လူငယ်လူရွယ်များ ဘက်စုံထူးချွန်ရေး အသိပညာ၊ အတတ်ပညာများ သင်ကြားလေ့ကျင့်ပေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးပါလျက်ရှိသည်။ ပညာရေးကဏ္ဍ မြင့်မားစေရန် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ၏ ပညာရည်စွမ်းအားမြင့်မားရန် လိုအပ်သည်။ တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာရည်စွမ်းအားမြင့်မားရေးအတွက် အဓိက လေ့ကျင့်ပျိုးထောင်ပေးကြရသူများ ဖြစ်သည်။

ကျောင်းသား ကျောင်းသူများကို စာပေပညာ ထူးချွန်တတ်မြောက်ရေးအတွက်သာမက ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အကျင့်စာရိတ္တခိုင်ခံ့ရေးနှင့် လူ့ဘောင်အဖွဲ့အစည်းအတွင်း ဝင်ဆံ့ပြီး အကျိုးပြုနိုင်စေရေးအတွက်ပါ လေ့ကျင့်သင်ကြားပေးသွားကြရမည် ဖြစ်သည်။

နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အမျိုးသားပညာရည်မြင့်မားမှုစွမ်းအား၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု စွမ်းအားသည် အရေးပါလျက်ရှိသဖြင့် ပညာရေးကဏ္ဍ၏ တာဝန်ဝတ္တရားများကို ဆရာဆရာမများ ကျေပွန်စွာ ထမ်းဆောင်ကြရမည် ဖြစ်သည်။

အခြေခံပညာကဏ္ဍတွင် ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ အရည်အသွေး၊ အလားအလာ၊ ဝါသနာဗီဇအရ ဘက်စုံထူးချွန်စေရန် လေ့ကျင့်ပေးခြင်းဖြင့် ခေတ်မီနည်းပညာများ ထူးချွန်ထက်မြက်လာအောင် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များ သိပ္ပံနှင့်နည်းပညာတတ်မြောက်ပြီး စွမ်းရည်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးခြင်းသည် အနာဂတ်နိုင်ငံတော် တည်ငြိမ်ခိုင်မာပြည့်စုံရေးအတွက် အခြေခံအကျဆုံးအမျိုးသား ရေးလိုအပ်ချက်ကို ပံ့ဖော်ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ဆရာဆရာမများက အာစရိယအရည်အသွေး ဂုဏ်ဒြပ်နှင့်အညီ အသိပညာ၊ အတတ်ပညာများ သင်ကြားတိုးမြှင့် လေ့ကျင့်ပေးခြင်းဖြင့် အရည်အသွေးကောင်း၊ စိတ်ဓာတ်ကောင်းများ ပြည့်စုံသည့် ဘက်စုံထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ ပိုမိုပေါ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖြူးဆရာတော်အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဦးအောင်မျိုး-ဒေါ်မြင့်မြင့်မော်၊ သား ကောင်းမြတ်ဇော်၊ သမီး အိနေခြည်မျိုး (ပန်းချယ်ရီ ဓာတ်ပုံနှင့် ဗီဒီယိုလုပ်ငန်း) မိသားစုက သမီးလေး အိနေခြည်မျိုး (၅)နှစ်ပြည့် မွေးနေ့မင်္ဂလာ အထိမ်းအမှတ် တရားအလှူပေးမည်ဖြစ်ရာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော်က ဇန်နဝါရီ ၂၆ရက် ည၇နာရီတွင် လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)က ဒုတိယအကြိမ် သဘင်သက်ကြီးပူဇော်ပွဲကို ဧပြီ၂၇ရက်တွင် ကျင်းပမည်ဖြစ်ရာ သဘင်မြတ်နိုးသူများအနေဖြင့် သဘင်အစည်းအရုံး(ဗဟို)ရုံး အမှတ်၁၃၅၊၂၁လမ်း လသာမြို့နယ် ရန်ကုန်တိုင်း ဖုန်း- ၃၇၁၅၂၈၊ ၂၅၃၇၇၃တို့သို့လည်းကောင်း၊ ကပြလျက်ရှိသော ဇာတ်သဘင်အဖွဲ့များသို့လည်းကောင်း တတ်အားသရွေ့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြစ်ကြီးနားတက္ကသိုလ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

မြစ်ကြီးနား ဥပစာကောလိပ်၊ မြစ်ကြီးနားကောလိပ်၊ မြစ်ကြီးနားဒေသကောလိပ်၊ မြစ်ကြီးနား ဒီဂရီကောလိပ်၊ မြစ်ကြီးနားတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်၆၅နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးတို့အား မတ်၉ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် မြစ်ကြီးနားတက္ကသိုလ် ဗဟိုခန်းမ၌ အာစရိယပူဇော် ကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ မြစ်ကြီးနားကောလိပ်၊ တက္ကသိုလ်ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်း

အလှူငွေများကို ဒေါ်ကြည်ကြည်စိန်(ပါမောက္ခ-ဌာနမှူး၊ သင်္ချာဌာန) မြစ်ကြီးနားတက္ကသိုလ်ဖုန်း-၀၉-၂၄၀ ၀၅၀၈၊ ဒေါ်ဘောက်ဂျာ (ပါမောက္ခ-ဌာနမှူး၊ ရုက္ခဗေဒဌာန) မြစ်ကြီးနားတက္ကသိုလ် ဖုန်း-၀၇၄-၂၃၂၇၉၊ ၀၉-၉၀-၄၅၁၃၀၊ ဒေါ်နုနုအေး (ဌာနမှူး၊ ရူပဗေဒဌာန) မြစ်ကြီးနားတက္ကသိုလ် ဖုန်း-၀၉-၅၁-၁၃၃၂၀၊ ဒေါက်တာခင်ဖြူဖြူအေး(ပါမောက္ခ၊ရုက္ခဗေဒဌာန) မြစ်ကြီးနားတက္ကသိုလ် ဖုန်း-၀၇၄-၂၂၄၀၃၊ ၀၉-၂၀-၁၄၀၅၆၊ ဒေါ်နုနုရီ (ဒုတိယ ပြည်နယ်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်) မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၂၈၉၄၊ ဦးခက်ထိန်နန် (လုပ်ငန်းရှင်) တစ်ဆင့် မနော်ရုံး စီတာပူရပ်ကွက် မြစ်ကြီးနားမြို့၊ ဦးသိန်းချစ်(ကုန်သည်) မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၅၂၃၅၊ ၀၉-၂၀-၁၄၅၈၁၊ ဒေါ်ဂျေကိုင်နော်း(ရုံးအုပ်၊ မြစ်ကြီးနားတက္ကသိုလ်) ဖုန်း-၀၇၄-၂၂၆၆၃၊ ဦးဖရိုလာ(သ/မ ဦးစီး၊ငြိမ်း) ဖုန်း-၀၁-၆၈၀၈၀၃၊ ၀၁-၆၈၆၁၅၈၊ ဒေါ်စန္ဒာထွန်း (လက်ထောက်ကထိက ရုက္ခဗေဒဌာန) မန္တလေးတက္ကသိုလ် ဖုန်း-၀၉-၂၀၂၂ ၀၉၃၊ ဒေါ်လှလှဝင်း (ဟိုပင်မြို့) ဖုန်း-၀၇၄-၆၂၄၈၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၅-၁-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၅၅	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၃၀	၁၁။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူ့ရဲကောင်း** (အပိုင်း-၃၀)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	စေည္ထန်ရာလမ်းမများ **တက္ကစီမင်းနှင့် လေဖြတ်ဝေဒနာရှင်**
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နီလာလက်ကောက်** (အပိုင်း-၃၂)(ဇာတ်သိမ်းပိုင်း)

သံဖြူဇရပ် ဟံသာဝတီလမ်းမကြီး ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၄

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်သည့် ဟံသာဝတီလမ်းမကြီး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ၇ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် လမ်းကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အဆိုပါကတ္တရာလမ်းသစ်အား စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ကျပ်၉၃သိန်း စုစုပေါင်း၂၄၃သိန်းဖြင့် ဆောင်ရွက်ခဲ့ကြပြီး လမ်းအရှည်ပေ ၂၄၈၀၊ အကျယ်၁၂ပေဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၀	ဒါနသည်ဘဝကိုချိုမြိန်စေ၏တရားတော် (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတအရှင်သုစိတ္တ)
၇း၅၅-၁း၅၅	Antioxidants & Your Health (အပိုင်း-၂) (ဒေါက်တာဝင်းထွန်း)
၈း၂၅-၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀-၂း၃၀	Myanmar Video Rhythm
၈း၅၅-၂း၅၅	မြန်မာ့ဂုဏ်ဒြပ်ထွန်းတောက်စေသော မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းချီအနုပညာပြိုင်ပွဲ
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန အကြောင်း သိကောင်းစရာ (အပိုင်း-၁)
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	အနုပညာကွန်ပျူတာ ဒီပလိုမာအပ်နှင်းပွဲ အခမ်းအနား
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	ဂမုန်းရေလှောင်တမံ
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	Art Vision (Traveller 2007 Photo and Art Show)
၁၁း၅၀-၅း၅၀	လေလှိုင်းမှ ဖြေကြားပရိသတ်များအမေးစကား
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	ဖူးစာဖက်တို့ ဆုံစည်းဖို့ရာ (မင်္ဂလာမောင်နှံတို့အတွက် ကျန်းမာရေးလမ်းညွှန်)
၁၂း၃၅-၆း၃၅	VJ Choice
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Ivory Coast-Benin	Euro Sport (Live)
၂း၀၀	Nigeria-Mali	Euro Sport (Live)

အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့က ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၃ရက်မှ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၂ရက်အထိ ကျင်းပခဲ့သော အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေနှင့် အာဂုံပြန်စာမေးပွဲတို့တွင် အောင်မြင်ကြသည့် ပုဂ္ဂိုလ်များစာရင်းကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့်အာဂုံပြန် အောင်စာရင်း

ရေးဖြေအောင်စာရင်း

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်

ဒီဃနိကာယကောဝိဒ (၃)ပါး

၁။ ပလ္လင်အမှတ် (၁၅၂) အရှင်ကုန္ဒောဘာသာလင်္ကာရ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ မဟာခေမိကာရာမရွှေကျင်ကျောင်းတိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ် (၁၅၇) အရှင်ပညိသရာလင်္ကာရ အသက်(၃၀)၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကဓမ္မပါလ မဟာဝိဟာရကျောင်းတိုက်၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ် (၁၅၈) အရှင်ဝိစိတ္တာလင်္ကာရ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း သဘောရေးဖြေအောင်

ဝိနယကောဝိဒ(၄)ပါး

၁။ ပလ္လင်အမှတ် (၁၆၈) အရှင်ခေမာစာရ အသက်(၄၀)၊ သိက္ခာ (၂၀)ဝါ၊ တိပိဋက နိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။

၂။ ပလ္လင်အမှတ် (၁၇၉) အရှင်ဝါသေဋ္ဌ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ် (၁၈၄) အရှင်ပညာဝံသာလင်္ကာရ အသက်(၃၃)နှစ်၊ သိက္ခာ (၁၂)ဝါ၊ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ပလ္လင်အမှတ် (၁၈၉) အရှင်ပဉ္ဉောဘာသာလင်္ကာရ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင်

ဥဘတောဝိဘင်္ဂကောဝိဒ (၇)ပါး

၁။ ပလ္လင်အမှတ် (၂၀၄) အရှင်ဆန္ဒာနုတ္တရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ပလ္လင်အမှတ် (၂၀၇) အရှင်ပညာစက္က၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ် (၂၁၄) အရှင်မာဃိန္ဒ၊ အသက်(၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ပလ္လင်အမှတ် (၂၁၇) အရှင်ဇနိန္ဒ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅။ ပလ္လင်အမှတ် (၂၂၉) အရှင်ဝဇိရပါဏိဘိဝံသ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၆။ ပလ္လင်အမှတ် (၂၃၀) အရှင်စန္ဒသိရီ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၇။ ပလ္လင်အမှတ် (၂၄၁) အရှင်ထေရဝံသ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

ဆက်လက်ဖော်ပြပါမည်။

ရန်မီးမပွား အကျိုးများ

ဤလောက၌ ရန်တုံ့ပြန်ခြင်းအားဖြင့် ဘယ်သောအခါမျှ မငြိမ်းကုန်။ ရန်တုံ့မမူသဖြင့်သာလျှင် ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပင်တည်း။

(ဓမ္မပဒ ၅)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅–၁–၂၀၀၈ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၅ ၇။ အတီးပြိုင်ပွဲ
- ၈း၁၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၂၅ ၉။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါ်ကတံတား
- ၈း၃၀ ၁၀။ International News
- ၈း၄၅ ၁၁။ English for Everyday Use
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၁၇း၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇း၁၅ ၆။ မြန်မာစာမြန်မာစကား
- ၁၇း၂၅ ၇။ အကပြိုင်ပွဲ
- ၁၇း၃၀ ၈။ **လောကရဲ့အလှရတနာ** ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ
- ၁၇း၄၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၁၈း၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉း၀၅ ၁၃။ တေးဂီတအစီအစဉ်
- ၁၉း၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံစည်းခြင်း** (အပိုင်း–၃)
- ၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း–၂၂)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

စွမ်းအင်ဝန်ကြီးဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇန်နဝါရီ ၂၃ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ အောင်ဆန်းသူရိယ လှသောင်း ဘောလုံးကွင်း၌ ကျင်းပသည့် စတုတ္ထအကြိမ် စွမ်းအင်ဝန်ကြီး ဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အနိုင်ရဗိုလ်စွဲ

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မုတ်ကျွန်းတောင်(က)အသင်းက မြို့မညွန့်ပေါင်းအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ဆုပေးပွဲတွင် နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားနှင့် ပထမ၊ ဒုတိယ ရရှိသော ဘောလုံးအသင်းများအား တာဝန်ရှိသူတို့က တစ်ဦးချင်းဆုများနှင့် ဆုကြေးငွေများချီးမြှင့်ပြီး ပထမဆုရ မုတ်ကျွန်းတောင် (က)အသင်းကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တံခွန်စိုက်ဆုဖလားနှင့် ဆုကြေးငွေကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးထူးထွေထွေပြောဆိုနိုင်မည့် နေ့စဉ်သုံးအင်္ဂလိပ်စကား စာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၄

နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်၏ စာတည်းမှူးချုပ် (ငြိမ်း)များ ဖြစ်ကြသော ဦးကျော်မင်း (မင်းကျော်မင်း)နှင့် ဦးမောင်မောင်အေးတို့ တည်းဖြတ်ဘာသာပြန်ဆိုပြုစုသည့် အမေရိကန်တို့ ပြောသော နေ့စဉ်သုံး အင်္ဂလိပ်စကားစာအုပ်ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ (ယာပုံ)

အဆိုပါစာအုပ်တွင် အခြေအနေ အမျိုးမျိုး၌ လူ့အလွှာ အဆင့်အတန်း အသီးသီးအတွက် ထူးထူးထွေထွေ ပြောဆိုနိုင်ပုံတို့ကို အခန်းကြီး ၁၈ ခန်း၊ အခန်းငယ် ၉၈ ခန်းခွဲ၍ ဖော်ပြထားပြီး ယူနတီစာပေ ဖုန်း–၀၉–၅၁–၃၀၉၇၇ မှ ထုတ်ဝေ၍ တန်ဖိုးမှာ ငွေကျပ် ၂၅၀၀ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ စက်ရုံတစ်ရုံ မီးလောင်နေသည်ကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်ပိုင် နျူကလီးယားလက်နက်များ အယ်လ်ခိုင်ဒါတို့ လက်ထဲမရောက်နိုင်ဟု သမ္မတ မူရှာရက်ဖ်ပြောကြား

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၄

ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်များ အယ်လ်ခိုင်ဒါတို့ လက်ထဲရောက်ရှိရန် အခွင့်အလမ်း မရှိကြောင်း ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ပြောကြားလိုက်သည်။

စစ်သွေးကြွများအနေဖြင့်ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်များကို မည်သည့်နည်းနှင့်မျှ ရရှိနိုင်လိမ့်မည် မဟုတ်ကြောင်း ၎င်းက ပြင်သစ်နိုင်ငံရေး သိပ္ပံကျောင်းသို့ ရောက်ရှိစဉ် ပြောကြားလိုက်ခြင်း ဖြစ်သည်။

ရည်ရွယ်

သမ္မတမူရှာရက်ဖ်သည် အကြမ်းဖက်မှုများ ကိုင်တွယ်ဖြေရှင်းသွားနိုင်ရန် ရည်ရွယ်လျက် ဥရောပသို့ ရှစ်ရက်ကြာခရီးထွက်နေသည်။

ဖေဖော်ဝါရီလတွင် ပါကစ္စတန်နိုင်ငံ၏ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲဖြစ်ရန် ၎င်းအနေဖြင့် ယုံကြည်ထားသည်ဟု ဆိုသည်။

ပြောကြား

ပါကစ္စတန်နိုင်ငံပိုင် နျူကလီးယားလက်နက်များကို စစ်သွေးကြွများ ရယူနိုင်ရန် နည်းလမ်းတစ်ရပ်သာရှိကြောင်း၊ ပါကစ္စတန်အစိုးရတပ်များက အယ်လ်ခိုင်ဒါတို့ကို လုံးဝရှုံးနိမ့်သွားလျှင်သော်လည်းကောင်း၊ လာမည့်ရွေးကောက်ပွဲတွင် အစွန်းရောက်များ အနိုင်ရရှိသွားလျှင်သော်လည်းကောင်း ဖြစ်နိုင်စရာရှိကြောင်း မူရှာရက်ဖ်က ပြောကြားသည်။ **(အင်တာနက်)**

မြောက်ကိုရီးယား၌ အိုင်တီပညာရပ်များ ဖွံ့ဖြိုးရေးကြိုးပမ်း

ပြုံယမ်း ဇန်နဝါရီ ၂၄

မြောက်ကိုရီးယားနိုင်ငံတွင် ကွန်ပျူတာဆော့ဖ်ဝဲများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် အရှိန်မြှင့် ကြိုးစားကြရေး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီက ဇန်နဝါရီ ၂၂ ရက်တွင် တိုက်တွန်းလိုက်သည်။

သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာရပ်ပိုင်းဆိုင်ရာ တိုးတက်ရေးသည် နိုင်ငံအတွက် အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အရေးပါ

မိမိတို့အနေဖြင့် သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်အောင် ဆောင်ရွက်မှုအပေါ် စိတ်ဝင်စားကြောင်း၊ ကွန်ပျူတာခေတ်တွင် သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုသည်အရေးပါကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီက ပြောကြားသည်။

ပြောကြား

သိပ္ပံနှင့်နည်းပညာဆိုင်ရာတိုးတက်အောင်ဆောင်ရွက်ရာတွင် ဆော့ဖ်ဝဲနည်းပညာရပ်များ တိုးတက်ထွန်းကားလုပ်ဆောင်ရေးကိုလည်း မစ္စတာကင်ဂျုံအီက ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံတွင် ပညာရေးနယ်ပယ်၌ ကွန်ပျူတာများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် ၎င်းကအကြံပြုထားသည်။ **(အင်တာနက်)**

မလေးရှား၌ သိပ္ပံနည်းပညာပြတိုက် ဖွင့်လှစ်မည်

ကွာလာလမ်ပူ ဇန်နဝါရီ ၂၄

မလေးရှားနိုင်ငံ ပီနန်မြို့ (မြောက်ပိုင်း)တွင် သိပ္ပံနှင့်နည်းပညာ ပြတိုက်ကို ပထမဆုံးအကြိမ် ဖွင့်လှစ်မည် ဖြစ်ကြောင်း၊ ယင်းလုပ်ငန်း စီမံကိန်းကို လာမည့်သုံးနှစ်နောက်ပိုင်းတွင်အကောင်အထည်ဖော်မည် ဖြစ်ကြောင်း ဇန်နဝါရီ ၂၃ရက်တွင် ဒေသဆိုင်ရာ မီဒီယာက သတင်းထုတ်ပြန်သည်။

အဆိုပါ ပြတိုက်စီမံကိန်းကို ပီနန်မြို့ရှိ ဘန်ဒါဘာယန်ဘာရူ အရပ်တွင် အမေရိကန် ဒေါ်လာ ၁၅၂သန်း အကုန်အကျခံ ဆောက်လုပ်မည်ဖြစ်ပြီး၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ပုံပြကားချပ်များ ပြသထားမည် ဖြစ်သည်။

ယင်းပြတိုက်တွင် ပီနန်မြို့၏ နှစ်ကာလ ကြာမြင့်စွာ နည်းပညာနှင့် ဆက်စပ်မှုများကို ဖော်ညွှန်းပြသထားမည် ဖြစ်ကြောင်း သည်နယူး စထရိတ်တိုင်းမ်သတင်းဌာနက ပြောကြားသည်။

၎င်းပြတိုက်တွင် မလေးရှားနိုင်ငံ ဆီလီကွန်ကျွန်း၌ သိပ္ပံနှင့်နည်းပညာ ထုတ်လုပ်အသုံးချမှုကို ပြခန်းပြကွက်၌ တင်ပြထားမည်ဖြစ်ကြောင်း ပီနန်မြို့ရှိ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီအဖွဲ့ဝင်က ထပ်လောင်းပြောကြားသည်။

ထို့ပြင် လျှပ်ကူးနည်းပညာ ဆက်သွယ်ရေးကဏ္ဍ၊ အင်တာနက်၊ ဒီဂျစ်တယ် နည်းပညာရပ်များကို ပြသမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
(အင်တာနက်)

ရုရှားတောင်ပိုင်း၌ ချုံခိုတိုက်ခိုက်

မော်စကို ဇန်နဝါရီ ၂၄

ရုရှားနိုင်ငံတောင်ပိုင်း အင်ဂူရှီတီယာအရပ်၌ မီနီဘတ်စ်တစ်စီးကို သေနတ်သမားများက ချုံခိုတိုက်ခိုက်ရာ စစ်သားတစ်ဦးသေဆုံးပြီး အရာရှိသုံးဦး ဒဏ်ရာရရှိသွားကြောင်း ဇန်နဝါရီ ၂၂ ရက်တွင် သတင်းအေဂျင်စီများက ဖော်ပြသည်။

ရေးသားဖော်ပြ

ချေချင်းညာနယ်စပ် နက်ရန်မြို့၌လည်း ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသောကားတစ်စီး ပေါက်ကွဲခဲ့ရာ ယာဉ်မောင်းသေဆုံးသွားကြောင်း သတင်းအေဂျင်စီများက ဖော်ပြသည်။

သေဆုံး

ချုံခိုတိုက်ခိုက်မှုတွင် ဒဏ်ရာရရှိခဲ့သော ဗိုလ်ကြီးတစ်ဦး၊ ဗိုလ်မှူးတစ်ဦးနှင့် ဒုတိယဗိုလ်မှူးကြီးတစ်ဦးတို့သည် ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း အင်တာဖက်စ် သတင်းဌာနက ရေးသားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

အိန္ဒိယနိုင်ငံ မဟာပရာဒက်ရှ်ပြည်နယ် ဂွါလီယာ စစ်ရေးလေ့ကျင့်ကွင်းမှ ပျံတက်သွားသော မိုက်ရေ့ ၂၀၀၀ အမည်ရှိ တိုက်လေယာဉ်နှစ်စင်းကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၉၂၅ ဦးရှိသွားပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

အီရတ်နိုင်ငံတွင် ဇန်နဝါရီ ၁၉ ရက်က ဖြစ်စဉ်နှစ်ရပ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဇန်နဝါရီ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

သေဆုံး

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်မြို့တော်တောင်ဘက် အာရပ်ဂျာဘားဒေသတွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးသွားခြင်းဖြစ်သည်။

စစ်ဆင်ရေးပြုလုပ်

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာ အန်ဘာပြည်နယ်အတွင်း စစ်ဆင်ရေးပြုလုပ်စဉ် သေဆုံးသွားသည်။

နောက်ဆုံး သေဆုံးသူများ အပါအဝင် အီရတ်၌ အမေရိကန်ဦးဆောင်တပ်များ ၂၀၀၃ခုနှစ်က ကျူးကျော်ပြီးနောက်ပိုင်း သေဆုံးသွားကြရသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ စုစုပေါင်း ၃၉၂၅ ဦးရှိသွားပြီဟု ဆင်ဟွာက ဖော်ပြထားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ၂၀၀၈ခုနှစ် အိုလံပစ် အားကစားပွဲတော်ကျင်းပမည့် တည်ဆောက်ဆဲ အမျိုးသား အားကစားရုံကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

အရက်သေစာသောက်သုံးသော ဗြိတိသျှလူငယ်များ အကြမ်းဖက်မှုကိုသာ ဖြစ်စေကြောင်း လေ့လာတွေ့ရှိ

လန်ဒန် ဇန်နဝါရီ ၂၄

ဗြိတိသျှလူငယ်ထက်ဝက်နီးပါးသည် အရွယ်မရောက်မီကပင် အရက်သေစာသောက်သုံးနေကြကြောင်း။ ယင်းအတွက် အကြမ်းဖက်မှုနှင့် လူမှုရေးအကျင့်စရိုက်များ ပျက်ပြားလာသည်ကို လေ့လာတွေ့ရှိရကြောင်း အစိုးရလေ့လာချက်တစ်ရပ်ကို ဇန်နဝါရီ၂၃ရက်က ထုတ်ပြန်သည်။

ကျန်းမာရေးချို့ယွင်း

အရက်သောက်ခြင်းကြောင့် ကျန်းမာရေးချို့ယွင်းလာပြီး ရာဇဝတ်မှုများ ထူပြောလာသည့်အချက်ကိုသာတွေ့ရကြောင်း အဆိုပါ လေ့လာချက်တွင် ဖော်ပြသည်။

ဆန်းစစ်လေ့လာခဲ့

ဗြိတိသျှ ပြည်ထဲရေးရုံးက ကျောထောက်နောက်ခံပြုသော အဖွဲ့အစည်းတစ်ရပ်က အသက် ၁၀ နှစ်မှ ၁၉နှစ်အတွင်းရှိ လူငယ် ၁၂၅၀ အား တွေ့ဆုံမေးမြန်း၍ ဆန်းစစ်လေ့လာခဲ့သည်ဟု ဆိုသည်။

ထိုသို့ တွေ့ဆုံမေးမြန်းရာတွင် လူငယ်ထက်ဝက်နီးပါးက ရန်ဖြစ်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းအမှုကိစ္စတို့တွင် ပါဝင်ခဲ့ဖူးသည်ဟု ဆိုသည်။

ထက်ဝက်နီးပါး

အဆိုပါ လေ့လာခဲ့သော လူငယ်များတွင် ထက်ဝက်နီးပါးမှာ အသက်၁၃နှစ်အရွယ်ကပင် အရက်သောက်ခဲ့ကြသည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် တည်ဆောက်လျက်ရှိသော တရုတ်ဗဟိုရုပ်မြင်သံကြားဌာနချုပ် အဆောက်အအုံသစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ထိုင်းပီပီပီပါတီမှ ယောင်ယုတီယာပိုင်ရတ်အား အောက်လွှတ်တော် ဥက္ကဋ္ဌအဖြစ်ရွေးချယ်

ဗန်ကောက် ဇန်နဝါရီ ၂၄

ထိုင်းပြည်သူ့အာဏာပါတီ (ပီပီပီ)က ယောင်ယုတီယာပိုင်ရတ်အား ဇန်နဝါရီ ၂၂ ရက်တွင် ပထမဆုံးပါလီမန်အစည်းအဝေးကျင်းပစဉ် အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

ရွေးချယ်

ယောင်ယုသည် ပီပီပီ ဒုတိယခေါင်းဆောင်ဟောင်းဖြစ်သည်။ ၎င်းသည် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ၃၀၇မဲဖြင့် အနိုင်ရပြီး ရွေးချယ်ခံရခြင်းဖြစ်သည်။ ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီမှ ဘန်ရပ်ဘန်တက်တန်က ၁၆၇မဲသာရရှိခဲ့သည်။ ယင်းတို့အား ဒီဇင်ဘာ ၂၃ရက်က ရွေးကောက်ပွဲတွင်အနိုင် ရရှိသောရွေးကောက်တင်မြှောက်ထားသည့် အမတ်များက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

သဘာပတိ

ပီပီပီပါတီမှ ချိုင်းဂျစ်ဟော့ကယာယီလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယလွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးရွေးချယ်ရန် စည်းဝေးရာတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ပီပီပီပါတီ၏ အမှုဆောင်များက ယောင်ယုအား အောက်လွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် ရွေးချယ်ရန် ဇန်နဝါရီ ၂၁ရက်က သဘောတူညီခဲ့သည်။ ပီပီပီပါတီ၏ ညွန့်ပေါင်းပါတီငါးပါတီကလည်း ယင်းရာထူးနေရာများအတွက် ပါဝင် ယှဉ်ပြိုင်ခြင်းမပြုရန် သဘောတူညီခဲ့သည်။

အလားအလာအရှိဆုံး

အဆိုပါ အောက်လွှတ်တော်က ဇန်နဝါရီ၂၅ရက်တွင် ဝန်ကြီးချုပ်သစ်ကို ရွေးချယ်မည်ဖြစ်သည်။ ပီပီပီပါတီခေါင်းဆောင်ဆာမတ်သည် ဝန်ကြီးချုပ်ဖြစ်လာရန် အလားအလာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်စစ်ပွဲတွင် ဘုရှ်စီမံခန့်ခွဲခဲ့မှု စည်းဝါးရိုက်ထားသောလုပ်ရပ်များဟုဖော်ပြ

ဝါရှင်တန် ဇန်နဝါရီ ၂၄

အီရတ်စစ်ပွဲတွင် ပြည်သူတို့ထောက်ခံမှုကိုရရှိစေရန် အီရတ်အရေးသည် လုံခြုံရေးကိုခြိမ်းခြောက်သည်ဟူသော လိမ်လည်ဖော်ပြချက်များကို အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ထိပ်တန်းစီမံခန့်ခွဲရေးအရာရှိများက လုပ်ဆောင်ခဲ့ကြောင်း ပြည်သူ့အကျိုးပြုစာနယ်ဇင်းလုပ်ငန်းနှစ်ခုက ဇန်နဝါရီ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းတို့ကို ပြည်သူ့သမာဓိဗဟို စာနယ်ဇင်းနှင့် လွတ်လပ်ရေးစာနယ်ဇင်းနှစ်ခုက ဦးစီးဦးဆောင်ပြု လေ့လာခဲ့သည်။

လိမ်လည်ဖော်ပြ

ယင်းလိမ်လည်ဖော်ပြချက်များသည် ပြည်သူများကို ထိထိရောက်ရောက် ထိတ်လန့်ကြောက်ရွံ့စေသည့် စည်းဝါးရိုက်ထားသော ဖော်ပြချက်များ၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း လေ့လာချက်များတွင် တွေ့ရကြောင်း ဖော်ပြသည်။

ဖန်တီးထားခြင်းဖြစ်

မိန့်ခွန်းများ၊ လုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းချက်များ၊ လူတွေ့မေးမြန်းချက်များနှင့် အခြားအချက်အလက်များကို ဖန်တီးထားခြင်းဖြစ်သည် ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ



အကြမ်းဖက် တိုက်ခိုက်

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားနေသည်ကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဂျပန်တွင် အဝလွန်သူများလာ

တိုကျို ဇန်နဝါရီ ၂၄

ဂျပန်နိုင်ငံတွင် အဝလွန်သူအရေအတွက် များပြားလာကြောင်း ဂျပန်သုတေသနပညာရှင်များက ဇန်နဝါရီ ၂၂ရက်၌ ပြောကြားသည်။

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် အသက် ၄၀ မှ ၆၄ နှစ် အကြားလူများကို သုတေသနပြုခဲ့ရာ လူ ၃၀၀၀၀ ကျော်မှာ အဝလွန်မှု ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ ဂျပန်နိုင်ငံသားသည် အသက် ၂၅နှစ် ကျော်လျှင် အဝလွန်မှုဖြစ်ပေါ်တတ်ကြောင်း ခန္ဓာကိုယ်ဖွဲ့စည်းမှု အညွှန်းကိန်းဆိုင်ရာ ဂျပန်နိုင်ငံ တိုဟိုကူတက္ကသိုလ်မှ ပညာရှင်မာဆာကိုကာကီရာကီက ပြောကြားသည်။

ဂျပန်နိုင်ငံသားများ အဝလွန်ရာတွင် ဆေးလိပ်သောက်ခြင်းကဲ့သို့သော အကြောင်းအချက်များလည်း ပါဝင်သည်။ ဆေးလိပ်သောက်ခြင်း၊ လှုပ်ရှားမှုနည်းပါးခြင်းနှင့် အလွန်အကျွံ စားသောက်ခြင်းတို့ကြောင့် ဂျပန်အမျိုးသားများသည် ၁ ဒသမ ၇၃ ဆ အဝပိုခြင်းဖြစ်ကြောင်း၊ အဆိုပါအချက်များနှင့် ပြည့်စုံသော ဂျပန်အမျိုးသမီးများက သာမန်ထက် ၁ ဒသမ ၅၃ ဆ အဝပိုကြကြောင်း ၎င်းတို့က ပြောကြားသည်။ (အင်တာနက်)

ဒါဖာသောင်းကျန်းသူများ အစိုးရလေယာဉ်ကို ပစ်ချဟုဆို

ခါတွန် ဇန်နဝါရီ ၂၄

ဆူဒန်နိုင်ငံ ဒါဖာအနောက်ပိုင်း၌ ဗုံးကြဲတိုက်ခိုက်သော အစိုးရလေယာဉ်တစ်စင်းကို မြေပြင်မှပစ်ချနိုင်ခဲ့ကြောင်း ဒါဖာသောင်းကျန်းသူများက ဇန်နဝါရီ၂၁ ရက်တွင် ပြောကြားသည်။

ခြိမ်းခြောက်

အဆိုပါဒေသတွင် ငါးနှစ်နီးပါးကြာ တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ လူပေါင်း ၂၀၀၀၀၀ ခန့် သေဆုံးခဲ့ရကြောင်း၊ ဆူဒန်အစိုးရမှ သောင်းကျန်းသူများ၏ ခြိမ်းခြောက်မှုကိုခံနေရကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

ပစ်ချ

ပစ်ချခံရသည့် ဆူဒန်အစိုးရလေယာဉ်သည် ဂျာဘယ်မိုယန်ဒေသ၌ ဗုံးကြဲချစဉ် မိမိတို့တပ်များက ပစ်ချလိုက်ခြင်းဖြစ်ကြောင်း၊ ယင်းလေယာဉ်မှာ အမ်အိုင်ဂျီ–၂၉ဖြစ်ကြောင်း ဒါဖာအနောက်ပိုင်းမှ သောင်းကျန်းသူများက ရိုက်တာသို့ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မိုဆူးလ်၌ ဗုံးပေါက်ကွဲ ခုနစ်ဦးသေဆုံး

မိုဆူးလ် ဇန်နဝါရီ ၂၄

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ လူနေအဆောက်အအုံအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး ၇၀ ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စီးနင်း

အဆိုပါ ဗုံးပေါက်ကွဲမှုကြီးသည် ဗုံးထုတ်လုပ်သည်ဟု သံသယရှိသော အဆောက်အအုံကို ဝင်ရောက် စီးနင်းရှာဖွေပြီးနောက် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့်အနီးဝန်းကျင်ရှိနေအိမ်များ ပျက်စီးသွားသည်။ ယင်းမြို့သည် ဘဂ္ဂဒက်မြို့ မြောက်ဘက်မိုင်၂၄၀အကွာ၌ တည်ရှိသည်။

တိုက်ခိုက်

အီရတ်နိုင်ငံ ဒီယာလာပြည်နယ် ဘာကူဘာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွ၁၀ဦး သေဆုံးသွားကြောင်း အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။ အဆိုပါဒေသကို အမေရိကန်တို့က အင်အားအသုံးပြု တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ထောင်ပေါင်းများစွာသော ပါလက်စတိုင်းပြည်သူများ ဂါဇာမှ အီဂျစ် နယ်ခြားတံတိုင်းကို ဖောက်ခွဲဝင်ရောက်

ဂါဇာစီးတီး ဇန်နဝါရီ ၂၄

မျက်နှာဖုံးစွပ်ထားသည့် စစ်သွေးကြွများက နယ်ခြားတံတိုင်းတွင် အပေါက်သုံးလေးပေါက်ရအောင် ဖောက်ခွဲပြီးနောက် ရာပေါင်းများစွာသော ပါလက်စတိုင်းတို့ ဂါဇာကမ်းမြောင်မှ အီဂျစ်နိုင်ငံအတွင်း စုပြုံတိုးဝင်ခဲ့ကြသည်။**(ယာပုံ)**

အစ္စရေးက ဂါဇာကမ်းမြောင်ကို ပိတ်ထားသဖြင့် ရှားပါးလာသော အစားအစာ၊ လောင်စာနှင့် အခြားပစ္စည်းများကို ဂါဇာကမ်းမြောင် ပြည်သူများက အလုအယက်ဝယ်ယူကြသည်။

အစ္စရေးပိတ်ဆို့မှုဒဏ်ခံနေရမှု သက်သာစေရန် နယ်စပ်ကိုဖွင့်ပေးရန် အီဂျစ်နိုင်ငံအား ဟားမတ်စ်လှုပ်ရှားမှုအဖွဲ့က အကြိမ်ကြိမ်မေတ္တာရပ်ခံခဲ့သည်။

အပြန်အလှန်ပစ်ခတ်

နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုကို အီဂျစ်နယ်ခြားစောင့်များနှင့် ဟားမတ်စ်အုပ်စုက တစ်စုံတစ်ရာ အရေးယူခြင်း မရှိပေ။ ဇန်နဝါရီ၂၃ ရက် အစောပိုင်းကမူ ဟားမတ်စ်စစ်သွေးကြွများနှင့် ဂါဇာနယ်စပ်မှ အစ္စရေးတပ်များ အပြန်အလှန် ပစ်ခတ်သဖြင့် ဟားမတ်စ်စစ်သွေးကြွတစ်ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကြေကွင်းရခြင်းသည်လည်း....

ဝါရင်တန်မြို့ကလေးသည်အင်္ဂလန် အနောက်မြောက်ပိုင်း ချီရှိုင်းယားနယ်တွင် တည်ရှိသော လူဦးရေ နှစ်သိန်းကျော် နေထိုင်သည့် မြို့ကလေးတစ်မြို့ဖြစ်သည်။ အတန်အသင့် စည်ကားသော မြို့ဖြစ်သည်။

ရှေ့သွားနောက်လိုက်ညီ

ထိုမြို့တွင် ဟယ်လင်ဆိုသော မိန်းကလေးတစ်ဦး နေထိုင်ကြီးပြင်းခဲ့သည်။ သူသည် ဘွဲ့ရပြီးနောက် ၁၉၈၆ ခုနှစ် အသက် ၂၃ နှစ်အရွယ်တွင် ၎င်းထက် အသက်သုံးနှစ်ကြီးသော ဂါရီနယူးလပ်ဗ် **(ယာပုံ)** ဆိုသူ ခေတ်ပညာတတ် အမျိုးသားတစ်ဦးနှင့် လက်ထပ်ခဲ့သည်။ သူတို့နှစ်ဦးသည် ရှေ့သွားနောက်လိုက်ညီကာ လက်ထပ်ပြီး နှစ်နှစ်အကြာ အထိ လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။

ထိုနေ့ကား ဟယ်လင်၏ ဘဝရွှေတောင်ကြီးဖြစ်သူ ခင်ပွန်းသည်ဂါရီကို တစ်သက်တာဆုံးရှုံးလိုက်ရသည့် ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် ၂၀၀၇ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ပင်။

သာယာအေးချမ်း

၁၉၈၉ခုနှစ်တွင် သမီးကြီး ဇိုး၊ ၁၉၉၂ခုနှစ်တွင် သမီးလတ် ဒါနီလီနှင့် ၁၉၉၄ခုနှစ်တွင် သမီးထွေး အေမီတို့ကို မွေးဖွားခဲ့သည်။ ဂါရီသည် ပစ္စည်းအရောင်းကုမ္ပဏီတစ်ခု၌ အရောင်းမန်နေဂျာအဖြစ် အလုပ်လုပ်ပြီး ဇနီးမှာမူ သမီးများနှင့် အိမ်မှုကိစ္စများ နိုင်နင်းစွာ ထိန်းသိမ်းသဖြင့် သူတို့၏ မိသားစုဘဝမှာ သာယာအေးချမ်းခဲ့သည်။

သို့သော် ဂါရီသည်၁၉၉၂ ခုနှစ်တွင် ကင်ဆာရောဂါကို အပြင်းအထန် ခံစားခဲ့ရသည်။ သူ့အနေဖြင့် ရောဂါဖြစ်စမို့ အချိန်မီကုသနိုင်သဖြင့်အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း နောက်ပိုင်းတွင် သူဆေးကုစဥ်က သုံးစွဲခဲ့သောဆေးများ၏ ဘေးထွက်ဆိုးကျိုးဒဏ်ကို အမြဲတမ်းလိုလို ခံစားခဲ့ရသည်။

တရေးရေးမြင်ယောင်

၂၀၀၇ခုနှစ် ဩဂုတ်လတွင်မူ ဂါရီအနေဖြင့် တစ်နေ့တည်း တစ်ချိန်တည်းတွင် ပျော်ရွှင်မှုကိုခံစားခဲ့ရသလို သူ့ဘဝပျက်သုဉ်းသွားအောင် နှောင့်ယှက် ဖျက်ဆီးခဲ့သည့် ကြမ္မာငင်သော ဆိုးသွမ်းလူငယ်တစ်စု၏ တိုက်ခိုက်သတ်ဖြတ်ခြင်းကို ခံခဲ့ရတော့သည်။ ခင်ပွန်းသည်အပေါ်တွင် ယုံကြည်ကိုးစားမြတ်နိုးပြီး သားသမီးများအပေါ်တွင် သံယောဇဥ်ကြီးလွန်းသူ ဟယ်လင်မှာ ဆိုးသွမ်းလူငယ်များ၏ လက်ချက်ကြောင့် အပြစ်မဲ့သော ခင်ပွန်းသည် သေဆုံးရမှုကို မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သလိုခံစားခဲ့ရကာ တရေးရေး မြင်ယောင်လာမိတော့သည်။

သူ့ဘဝကို ခြေမွဖျက်ဆီးခဲ့သော ထိုနေ့တစ်နေ့ကိုတော့သူ့ဘဝတစ်သက်တာတွင် ဘယ်လိုမှ မေ့ဖျောက်နိုင်စွမ်းရှိတော့မည် မဟုတ်ပေ။ ထိုနေ့ကား ဟယ်လင်၏ ဘဝရွှေတောင်ကြီးဖြစ်သူ ခင်ပွန်းသည် ဂါရီကို တစ်သက်တာ ဆုံးရှုံးလိုက်ရသည့် ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် ၂၀၀၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ပင် ဖြစ်သည်။ ထိုနေ့ညစောစောပိုင်းက ဟယ်လင်သည် ခေါင်းကိုက်သဖြင့် အခန်းထဲတွင်ဝင်လှဲနေခဲ့မိသည်။ ဂါရီကမူ သူ၏ကုမ္ပဏီတွင် စီးပွားရေးလုပ်ငန်းစာချုပ်ကြီးတစ်ရပ် ချုပ်ဆိုအောင်မြင်မှု အထိမ်းအမှတ်ဖြင့် အိမ်ရှေ့ညှော်ခန်းတွင် စားသောက်အပန်းဖြေနေချိန်ဖြစ်သည်။ ဟယ်လင် မှေးခနဲ အိပ်ပျော် သွားချိန်တွင် အသက် ၁၃နှစ်အရွယ်ရှိ သမီးထွေး အေမီဝင်လာကာ ဆိုးသွမ်း လူငယ်တစ်စုက သူတို့မိသားစုပိုင် ကားကို ကန်ကျောက်နေကြောင်း ပြောကြား၍ ရုတ်တရက်ထလိုက်သွားချိန်တွင် ခင်ပွန်းသည် ဂါရီသည် ဖိနပ်ပင် မစီးနိုင်တော့ဘဲ အိမ်ရှေ့သို့ ပြေးထွက်သွားကြောင်း တွေ့လိုက်ရသဖြင့် သူနှင့် သမီးသုံးဦး လိုက်သွားကြသည်။

အပြီးအပိုင်ခွဲခွာ

သူတို့လေးဦး အိမ်ရှေ့သို့ ရောက်ရှိနေချိန်တွင် ဆိုးသွမ်းလူငယ်သုံးဦးက လဲကျနေသော ဂါရီ၏ ဦးခေါင်းကို ဘောလုံးကန်သလို လိုမ့်ကန်နေသည်ကို တွေ့ရပြီး ဂါရီ၏ဦးခေါင်းမှာ သွေးခြင်းခြင်းနီနေသည်။ ဟယ်လင်သည် ခင်ပွန်းသည်ကို ဆေးရုံသို့အမြန်ပို့ဆောင်ကုသပါသော်လည်း နှစ်ရက်အကြာ ဩဂုတ်လ ၃ ရက်တွင် ဂါရီသည် ဇနီးဟယ်လင်နှင့် သမီးသုံးဦးကို အပြီးအပိုင် ခွဲခွာသွားခဲ့လေသည်။

ဖမ်းဆီးထိန်းသိမ်း

ခင်ပွန်းသည် ဂါရီအပေါ် အချစ်ကြီးချစ်သော ဟယ်လင်အဖို့ ပဋာမြေလူး အရူးမီးဝိုင်း ခံစားရတော့သည်။ ထို့ကြောင့် ဆိုးသွမ်းလူငယ်များကို ထိရောက် ဟန့်တားလောက်သော ပြစ်ဒဏ်ချမှတ်ရေးအတွက် တရားရုံးတွင် ဦးတိုက် လျှောက်ထားခဲ့သည်။ ခင်ပွန်းသည် သေဆုံးသည့်နေ့တွင်ပင် ဆိုးသွမ်းလူငယ် ခေါင်းဆောင် အဒမ်ဆဝဲလင်း(ခ) ဆဝဲဟက်ဒ် (၁၉) နှစ် **(အပေါ်ဝဲအစွန်ပုံ)** ၊ စတီဖင်ဆော့တန် (ခ)စနိုဝီ (၁၇)နှစ်**(အပေါ်အလယ်ပုံ)** နှင့် ဂျော်ဒန်ကန်လစ်ဖီ (၁၆)နှစ် **(အပေါ်ညာအစွန်ပုံ)** တို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ယင်းလူငယ်များသည် အခင်းဖြစ်သည့်နေ့ စောစောပိုင်းက ၎င်းတို့၏ ဆိုးသွမ်းမှုကို မခံမရပ်နိုင်၍ စိန်ခေါ်ခဲ့သော ပေါ်ကိုလင်ဆန်ကို ဝိုင်းဝန်းတိုက်ခိုက်ခြင်း၊ ၁၆နှစ်အရွယ်လူငယ်ကို တိုက်ခိုက်ခြင်း၊ ၂၄နှစ်အရွယ်ရှိ ဘင်လန်လီနှင့် ၎င်း၏မိတ်ဆွေစတီဖင်တို့အား တိုက်ခိုက်ခြင်းတို့ကို ကျူးလွန်ခဲ့သည်။ ၎င်းတို့ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က စတင်စစ်ဆေးနေပြီး ပြစ်မှု ထင်ရှားပါက ထောင်ဒဏ်ချမှတ်မည် ဖြစ်သည်။

ယခုဖြစ်ရပ်တွင် ဟယ်လင်အနေဖြင့် ခင်ပွန်းဂါရီကို ချစ်ပါသော်လည်း ကွေကွင်းခဲ့ရသည်။ ထို့ပြင် လူငယ်များသည် နှစ်ဖက်စလုံးကို အကျိုးမဲ့စေသည့် လုပ်ရပ်ကို လုပ်ဆောင်ခဲ့ကြသဖြင့် အပြစ်မဲ့သော ဂါရီသေဆုံးရသလို ၎င်းတို့ကိုယ်တိုင် လူငယ်ဘဝ၏ တန်ဖိုးရှိသော အချိန်များကို ထောင်ထဲတွင် ပေးဆပ်ရတော့မည့်အဖြစ်မှာ သင်ခန်းစာယူသင့်ပေသည်။ ။

ချစ်စိုးနိုင်-ကိုးကားရေးဖွဲ့သည်

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန လက်ဆွဲကွန်ပျူတာပျောက်ဆုံးမှု စစ်ဘက်ဝန်ထမ်းနှင့် တပ်သားသစ်ခြောက်သိန်း၏ ကိုယ်ရေးဖိုင်များပါရှိ

လန်ဒန် ဇန်နဝါရီ ၂၄

လုံခြုံရေးစည်းကမ်းချိုးဖောက်မှု နောက်ဆုံးလုပ်ရပ်ဖြစ်သည့် စစ်ဘက်ဝန်ထမ်းနှင့် တပ်သားသစ် ခြောက်သိန်း၏ ကိုယ်ရေးဖိုင်များပါဝင်သော ဝန်ကြီးဌာန၏လက်ဆွဲကွန်ပျူတာ ပျောက်ဆုံးမှုအတွက် များစွာစိတ်မကောင်းဖြစ်ခဲ့ရကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဒက်စ်ဘရိုနီက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

အကယ်၍ ယင်းသတင်းအချက်အလက်များ မသမာသူများ၏ လက်တွင်းသို့ ကျရောက်သွားပါက ယင်းလက်ဆွဲကွန်ပျူတာအခိုးခံရမှုသည် အသက်ပေါင်းများစွာကို အန္တရာယ်ကျရောက်သည်အထိ ဖြစ်ပွားလာနိုင်ကြောင်း။ သို့သော်လည်း ယနေ့အထိ ယင်းခိုးယူမှုတွင် အထောက်အထား တစ်စုံတစ်ရာကို မတွေ့ရသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဖွင့်ဟဝန်ခံ

နိုင်ငံကူးလက်မှတ်နှင့်အမျိုးသား မှတ်ပုံတင်နံပါတ်များ ပါဝင်သော ယင်းကွန်ပျူတာ ပျောက်ဆုံးမှုသည် ရုံးဝန်ထမ်း တစ်ဦး၏လုပ်ထုံး လုပ်နည်း မှားယွင်းမှုကြောင့် ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပျောက်ဆုံးမှုသည် ၂၀၀၅ခုနှစ်ကတည်းက တတိယအကြိမ် လက်ဆွဲကွန်ပျူတာ ပျောက်ဆုံးမှုဖြစ်ကြောင်း ၎င်းဝန်ကြီးက ပါလီမန်၌ ဖွင့်ဟဝန်ခံပြောကြားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ပါကစ္စတန်ခံတပ်ကို တာလီဘန်တို့တိုက်ခိုက် အမေရိကန်ဗိုလ်ချုပ်ကြီးဖောလင်းပါကစ္စတန်ရောက်ရှိ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီးရှိခံတပ်ကို တာလီဘန်တိုက်ခိုက်ရေးသမားများက လာရောက်တိုက်ခိုက်ခြင်းကို ပါကစ္စတန်တပ်မတော်က တုံ့ပြန်တိုက်ခိုက်လိုက်သည့်အတွက် တာလီဘန် ၃၇ ဦး သေဆုံးကြောင်း ပါကစ္စတန်စစ်ဘက်က ကြေညာသည်။

အမေရိကန် စစ်ဘက် အလယ်ပိုင်း စစ်ဌာနချုပ်မှူး ရေတပ်ဗိုလ်ချုပ်ကြီး ဝီလျံဖောလင်းသည် ပါကစ္စတန် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကာဗာနီနှင့် ရဝါပင်ဒီခံတပ်မြို့၌ ဇန်နဝါရီ ၂၂ ရက်က တွေ့ဆုံသည်။

လာရောက်

ပြီးခဲ့သည့်လက ပါကစ္စတန် အတိုက်အခံခေါင်းဆောင် ဘာနာဇီယာဘူတိုအား လုပ်ကြံမှုတွင် ကြိုးကိုင်သူအဖြစ် သင်္ကာမကင်းသည့်တာလီဘန်တပ်မှူး မာဆွတ်အား သစ္စာခံသူများနှင့် ပါကစ္စတန်အစိုးရတပ်များ တိုက်ပွဲဖြစ်ပွားပြီးနောက် အမေရိကန် ရေတပ်ဗိုလ်ချုပ်ကြီးဝီလျံဖောလင်း လာရောက်ခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အီရန်နိုင်ငံ တီဟီရန်မြို့၏တောင်ဘက် ကီလိုမီတာ ၄၂၀ အကွာတွင်ရှိသော အစ်ဖာဟန်ယူရေနီယံ သန့်စင်စက်ရုံကို ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၄-၁-၂၀၀၈

ဗီယက်နမ်အမျိုးသားတစ်ဦး ကြက်ငှက်တုပ်ကွေးဖြင့် သေဆုံး

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတူရန်ကွမ်းပြည်နယ်၌ အသက် ၃၂နှစ်ရှိ အမျိုးသားတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြင့်သေဆုံးသွားကြောင်း အစိုးရက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်ကြေညာသည်။

အဆိုပါ အမျိုးသားသည် ဇန်နဝါရီ ၁၆ ရက်က ကြက်သားဟင်းစားပြီးနောက် နာမကျန်းဖြစ်ခဲ့၍ ဟနွိုင်းမြို့ အဆုတ်ရောဂါကုဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း၊ ဆေးရုံရောက်ပြီး နှစ်ရက်အကြာတွင် သေဆုံးခဲ့ကြောင်း ဗီယက်နမ်အွန်လိုင်းသတင်းစာက ဖော်ပြသည်။

အီရန်နျူကလီးယား သံတမန်နည်းဖြင့် ဖြေရှင်းရန်တိုက်တွန်း

အီရန်နျူကလီးယားပြဿနာကို သံတမန်နည်းလမ်းများသုံး၍သာ ဖြေရှင်းသွားရန် တရုတ်နိုင်ငံက နိုင်ငံတကာအဖွဲ့အစည်းများသို့ အင်္ဂါနေ့တွင် တိုက်တွန်းဆော်ဩလိုက်သည်။

အီရန်နျူကလီးယားပြဿနာနှင့်စပ်လျဉ်းပြီး ဘာလင်မြို့၌ အင်္ဂါနေ့က ဆွေးနွေးစဉ် အခြားနိုင်ငံခြားရေးဝန်ကြီးခြောက်ဦးအား တရုတ်နိုင်ငံခြားရေးဝန်ကြီး ရန်ဂျီချီက တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

အမေရိကန်စစ်အသုံးစရိတ် မြင့်တက်

အမေရိကန်အစိုးရ၏ ၂၀၀၇ ခုနှစ်တွင် အီရတ်နှင့် အာဖဂန်နစ္စတန်တို့၌သုံးစွဲသော စစ်အသုံးစရိတ်မှာ သိသာစွာမြင့်တက်လာကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ကြေညာသည်။ ကွန်ဂရက်မှ ထုတ်ပြန်သော အဆိုပါကြေညာချက်တွင် ၂၀၀၃၊ ၂၀၀၅ ခုနှစ်တို့တွင် တစ်နှစ်ပျမ်းမျှ စစ်အသုံးစရိတ် အမေရိကန်ဒေါ်လာ ၉၃ ဘီလီယံရှိရာမှ ၂၀၀၇ ခုနှစ်၌ ၁၇၁ ဘီလီယံအထိ မြင့်တက်ခဲ့သည်ဟုဆိုသည်။

မူးယစ်ဆေးဝါးတန် ၅၀ ကျော် ဘိုလီးဗီးယား၌ မိ

ဘိုလီးဗီးယားနိုင်ငံ၌ ၂၀၀၈ခု နှစ်ဆန်းပိုင်းမှစပြီး မူးယစ်ဆေးဝါးများဖမ်းဆီးခဲ့ရာ တန်ချိန် ၅၀ ကျော် ဖမ်းဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း ဘိုလီးဗီးယား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့က ချီလီ၊ ဘရာဇီးနှင့် ပီရူးနယ်စပ်များ၌ အများဆုံးဝင်ရောက်စီးနင်းဖမ်းဆီးခဲ့ရာ ဘိန်းဖြူကီလို ၈၀၀ နှင့် ဆေးခြောက် ၅၁ တန် သိမ်းဆည်းနိုင်ခဲ့သည်ဟုဆိုသည်။

အကြမ်းဖက်မှုကြောင့် ကင်ညာအပြေးသမားသေဆုံး

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲအပြီး အကြမ်းဖက်မှုများဆက်လက်ဖြစ်ပွားခဲ့ရာ ကင်ညာမာရသွန်အပြေးသမား ဝက်စလေသည် မြားဖြင့် အပစ်ခံရပြီး သေဆုံးသွားသည်။ အသက် ၃၄ နှစ်ရှိ အဆိုပါအပြေးသမားသည် ဇာတိမြို့ဖြစ်သည့် ထရန်မာရာမြို့၌ တနင်္လာနေ့က အကြမ်းဖက် တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။

နမိုးနီးယားရောဂါ ဘင်္ဂလားဒေ့ရှ် ကလေးငယ်များ၌ ဖြစ်ပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း နီထရာကိုနာခရိုင်၌ နမိုးနီးယားရောဂါ တားဆီးကာကွယ်ရေးအတွက် နှိုးဆော်ထားကြောင်း၊ ယင်းဒေသတွင် လွန်ခဲ့သောသုံးပတ်က အအေးလှိုင်းကျရောက်မှုကြောင့် ကလေး ၂၅၀၀ခန့် အဆုတ်ရောဂါဖြစ်ပွားနေကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးဌာနက ပြောကြားသည်။

တမီးလ်ကျားသူပုန်တို့အား ဗုံးကြဲတိုက်ခိုက်

သီရိလင်္ကာနိုင်ငံမြောက်ဖျားရှိ တမီးလ်ကျားသူပုန်ခေါင်းဆောင်ဗီလူပီလိုင်း ပရာဟာကာရန် ပုန်းအောင်းနေခြင်းကို ပစ်မှတ်ထားလျက် သီရိလင်္ကာလေတပ်က ဗုဒ္ဓဟူးနေ့တွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုသည် အစိုးရနှင့် တမီးလ်ကျားသူပုန်တို့အကြား ၂၅နှစ်အကြာ ပြည်တွင်းစစ်ဖြစ်ပွားနေခြင်း၏ နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

နီပေါ၌ ဆီးနှင်းများကျဆင်း၊ လေကြောင်းခရီးစဉ်များ ဖျက်သိမ်း

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ဆီးနှင်းများတစ်နေ့တာလုံး ထူထပ်စွာကျဆင်းနေ၍ ထရစ်ဟူဝမ်နိုင်ငံတကာလေဆိပ်မှ လေယာဉ်ခရီးစဉ် ၃၀ ကျော် ဗုဒ္ဓဟူးနေ့က ဖျက်သိမ်းလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ရာသီဥတုဆိုးရွားမှုကြောင့် အခြားနိုင်ငံများမှ ပျံသန်းလာသောလေယာဉ်များလည်း ဆင်းသက်မှုအခက်အခဲများ ကြုံတွေ့ခဲ့ရသည်ဟု ဆိုသည်။

ဘာဝ ဒဿန အမြင်

- ***A friend is a second self.***
  မိတ်ဆွေစစ်ဆိုတာ ကိုယ့်ရဲ့ကိုယ်ပွားပါပဲ။

အရစ္စတိုတယ်လ်
(အတွေးအခေါ်ပညာရှင်)

- ***Slow and steady wins the race.***
  ဖြည်းဖြည်းနှင့်မှန်မှန် အောင်ပွဲခံ။

အီစွပ်ပုံပြင်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- ကနေဒါနိုင်ငံမြို့တော် အော့တဝါတွင် ဇန်နဝါရီ၂၃ရက် နံနက်စောစောပိုင်းက ကုန်တင်ကားကြီးတစ်စီးနှင့် ဘတ်စ်ကားတစ်စီးတို့ တိုက်မိကြရာ သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။
- **ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဆော့ထရန်ပြည်နယ်ရှိ တူးမြောင်းတစ်ခုအတွင်း၌ ဒေသခံလူ ၃၀ တင်ဆောင်လာသော လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ခြောက်ဦး ရေနစ်သေဆုံးခဲ့သည်။**
- တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ရန်တိုင်မီးရထားဘူတာရုံတွင် ဇန်နဝါရီ၂၃ရက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ရာ ရထားခရီးစဉ်များ ရွှေ့ဆိုင်းထားခဲ့ရသည်။
- **မလေးရှားနိုင်ငံမြောက်ပိုင်း တီရင်ဂါနူပြည်နယ် မာရန်ဒေသရှိ မူလတန်းကျောင်းတစ်ကျောင်းတွင် ကလေးငယ် ၁၈ဦး အစာအဆိပ်သင့်မှုကြောင့် အော့အန်ခဲ့ကြကြောင်း သိရသည်။**
- ချီလီနိုင်ငံတောင်ပိုင်း ပူကွန်မြို့တွင် ဇန်နဝါရီ ၂၃ ရက်က ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလေးသုံးဦး သေဆုံးခဲ့သည်။
- **ပီရူးနိုင်ငံ ကာဂျာမာကာပြည်နယ် တောင်တက်လမ်းတွင် ဇန်နဝါရီ ၂၃ရက်က အဝေးပြေးခရီးသည်တင်ကားတစ်စီး မီတာ၂၀၀နက်သော လျှိုထဲထိုးကျခဲ့ရာ ၁၂ ဦးသေဆုံးပြီး ၂၂ဦး ဒဏ်ရာရရှိခဲ့သည်။**
- မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇန်နဝါရီ၁၀ရက်က ကျင်းပသော ပြပွဲတစ်ခု၌ တရုတ်ယဉ်ကျေးမှု အကမယ်တစ်ဦးက ဖန်ခွက်များဆင့်ထားသည့် ကလပ်ကိုထိန်းကာ စွမ်းရည်ပြသခဲ့သည်။

စုပေါင်းသရုပ်ပြပွဲ ကျင်းပ

ဘူဂေးရီးယားနိုင်ငံ ဆိုဖီယာ မြို့တော်တွင် ဇန်နဝါရီ ၂၃ရက်က သရုပ်ပြသူအများဆုံး စုဝေးပြသသည့်ပွဲ၌ လူတစ်ဦးက မီးကွင်းဖြင့် ဤသို့ ကစားပြခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

လီဆိုသိုဘုရင့်နိုင်ငံ

သတင်းအက်ဆေး

တိုး–ရေးသားသည်

နိုင်ငံတစ်နိုင်ငံ၏ တည်နေရာကိုပြောပါဆိုလျှင် လတ္တီတွဒ်၊ လောင်ဂျီတွဒ်နဲ့ဖြစ်ဖြစ်၊ သို့တည်းမဟုတ် အရှေ့ဘက်တွင် ဘယ်နိုင်ငံ၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်တို့၌ ဘယ်နိုင်ငံရှိသည်ဟု ညွှန်ပြနိုင်ပါသည်။ ထိုသို့မဟုတ်မူဘဲ မည်သည့်ဘက် လက်ညှိုးထိုးထိုးနိုင်ငံတစ်ခုတည်း ဖြစ်နေသည်ကတော့ ရှားမှရှားပါသည်။

အင်အားပြိုင်

မျက်မှောက်ကာလတွင် ယင်းအခြေအနေကို ကွက်တိယူထားသည့်နိုင်ငံမှာ လီဆိုသိုနိုင်ငံဖြစ်သည်။ ဟိုတစ်ချိန်က အလားတူကိစ္စမျိုးကို ပြန်လည်သတိရစရာဖြစ်သည်။ အနောက်ဘာလင်အရင်းရှင်နှင့် ဆိုရှယ်လစ်စနစ်အင်အားပြိုင်ချိန်က ဂျာမနီနိုင်ငံဘာလင်မြို့ကို အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဟူ၍ခွဲလိုက်ပြီး အနောက်ဘက်ခြမ်းမှာ အနောက်ဂျာမနီနိုင်ငံခေါ် ဂျာမန်ပြည်ထောင်စုသမ္မတနိုင်ငံ(အက်ဖ်အာရ်ဂျီ)ကပိုင်သည်။ ဘာလင်မြို့မှာ အရှေ့ဂျာမနီခေါ်ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဂျီဒီအာရ်)နိုင်ငံပိုင်နက်အတွင်းတည်ရှိသည်။ အရှေ့ဘာလင်မှာ ဂျီဒီအာရ်၏မြို့တော်လည်းဖြစ်သည်။ သို့သော်အနောက်ဘာလင်မှာ အက်ဖ်အာရ်ဂျီပိုင်သော်လည်း ဂျီဒီအာရ်က ဝိုင်းပတ်ထားသည့် အနေအထားပင်။

အနောက်ဘာလင်နှင့် လီဆိုသိုတို့ ကွာခြားမှုက အနောက်ဘာလင်သည် အက်ဖ်အာရ်ဂျီ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ပြီး တစ်နိုင်ငံလုံးမှာ ဂျီဒီအာရ်၏ ဝိုင်းပတ်မှုကိုမခံရပေ။ အက်ဖ်အာရ်ဂျီ၏မြို့တော်မှာ ဘွန်းဖြစ်ခဲ့သည်။ ဤအဖြစ်က ဘာလင်တံတိုင်း မပြိုကွဲမီ နိုင်ငံနှစ်ခြမ်းကွဲခဲ့စဉ်ကဖြစ်သည်။

အယူဝါဒ

ပဒေသရာဇ်၊ ဧကရာဇ်ခေတ်က တန်ခိုးကြီးထွားလိုသောသူများ၏ လောဘဇောကြောင့် ကမ္ဘာ့မြေပုံ ပြောင်းလဲမှုများရှိသည်။ သွေးခွဲအုပ်ချုပ်တတ်သည့် ကိုလိုနီခေတ်၊ အယူဝါဒကြီးနှစ်ရပ် အားပြိုင်ယှဉ်ရေး ဂယက်တို့ကြောင့် နိုင်ငံနှစ်ခြမ်းကွဲရသည့်ဖြစ်ရပ်များရှိကြောင်းကို ယခုဘင်္ဂလားဒေ့ရှ်ခေါ်သည့် အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန်၊ မြောက်ဗီယက်နမ်နှင့် တောင်ဗီယက်နမ်၊ မြောက်ကိုရီးယားနှင့် တောင်ကိုရီးယား၊ မြောက်ယီမင်နှင့် တောင်ယီမင်၊ အရှေ့ဂျာမနီ (ဂျီဒီအာရ်)နှင့် အနောက်ဂျာမနီ (အက်ဖ်အာရ်ဂျီ)တို့က သက်သေပြနေသည်။ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု (ယူအက်စ်အက်စ်အာရ်)ပြိုကွဲပြီးနောက် နိုင်ငံများခွဲထွက်သဖြင့် အလျှိုလျှို သီးခြားနိုင်ငံများ ပေါ်လာပြန်သည်။ ဤခေတ်ဤအခါ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် တောင်အာဖရိက နိုင်ငံက အရှေ့၊ အနောက်၊ တောင်၊ မြောက်ပတ်ပတ်လည် ဝိုင်းထားသည့် လီဆိုသိုနိုင်ငံ၏အဖြစ်မှာ စဉ်းစားစရာဖြစ်သည်။ ထူး၍ဆန်းနေသည်။

အာဖရိကတိုက်၊ တောင်အာဖရိကနိုင်ငံအတွင်းရှိ ဤသီးခြားရပ်တည်လျက်ရှိသော လီဆိုသိုဘုရင့်နိုင်ငံကို ရှေးအခါက ဒတ်ချ်နွယ်ဖွားအာဖရိက တိုက်သားဘိုးဝါးများက နယ်မြေကျူးကျော်မှုကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ပဋိပက္ခ ဖြစ်ခဲ့သည်။ ထို့နောက် ဗြိတိသျှအစောင့်အရှောက်ခံနယ်မြေဖြစ်ခဲ့ပြီး ၁၈၈၄ ခုနှစ်တွင် ဗြိတိသျှကိုလိုနီ ဖြစ်ခဲ့သည်။ ၁၉၆၆ ခုနှစ်ရောက်မှ လွတ်လပ်ရေးရကာ လီဆိုသိုဘုရင့်နိုင်ငံ ထူထောင်ခဲ့သည်။

ပထမဆုံးဘုရင်မှာ မိုးရှူးရှူးဖြစ်သည်။ ဘာဆိုသိုအမျိုးသားပါတီမှ ချီလီဘွာဂျိုနသန်က ပထမဆုံးဝန်ကြီးချုပ်ဖြစ်သည်။ လူဦးရေ ၁ ဒသမ ၈ သန်းရှိပြီး စတုရန်းမိုင် ၁၁၇၂၀ ကျယ်ဝန်းသည့် လီဆိုသိုဘုရင့်နိုင်ငံတွင် လက်ရှိအကြီးအကဲမှာ တတိယမြောက်ဇာရင်လက်ဆီးဖြစ်ပြီး ဝန်ကြီးချုပ်တာဝန်ကို ဘက်ပူရယ်မိုဆီဆီလီကထမ်းဆောင်နေသည်။

ဆင်းရဲတွင်းနက်

လီဆိုသိုဘုရင့်နိုင်ငံတွင် ကုန်းမြင့် တောင်ကြောများဖြင့် ပြည့်နှက်နေသည်။ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်ဆံလိုလျှင် မြင်းစီး၍သွားလျှင်သွား၊ မသွားလိုလျှင် ခြေကျင်လျှောက်ရမည်ဖြစ်သည်။ သို့မဟုတ် လေယာဉ်ငယ်များဖြင့်လည်း ရောက်ရှိနိုင်သည်။ မြေပြန့်စိုက်ပျိုးမြေယာမှာ များများစားစားမရှိ။ လီဆိုသိုဘုရင့်နိုင်ငံသည် တောင်အာဖရိကနိုင်ငံကို များစွာ မှီခိုနေရသည်။ တောင်အာဖရိကသို့ ရေရောင်းစားရသည်။ အေအိုင်ဒီအက်စ်/အိတ်ချ်အိုင်ဗွီ ကူးစက်ဖြစ်ပွားမှုတွင်မူ စံချိန်တင် မြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယင်းရောဂါကြောင့် လယ်သမားများ အတုံးအရုံးသေကုန်သဖြင့် စားနပ်ရိက္ခာထွက်ရှိမှုကိုလည်း အကြီးအကျယ် ထိခိုက်သည်။ ပြည်သူ ၄၀ ရာခိုင်နှုန်းမှာ ဆင်းရဲတွင်းနက်သည့် အဆင့်၌ရှိသည်ဟု ကုလသမဂ္ဂက သုံးသပ်သည်။

အုံ့မခန်းဖွယ်ရာ နက်ရှိုင်းသည့် ချောက်ကြီးများ၊ ပြည်သူတို့၏ ဂေဟာသက်ငယ်တဲအိမ်များကိုသာ အဓိကရမြင်တွေ့ရသည့် ဤလီဆိုသိုနိုင်ငံငယ်ကလေးသည် ပြင်ပကမ္ဘာနှင့် ကွာချင်တိုင်းကွာနေသည်။ ထောင်စုနှစ်ရည်မှန်းချက်များပြည့်မီပြီး ကမ္ဘာကိုတစ်ရွာတည်းမည့် ဂလိုဘယ်လိုက်ဇေးရှင်းခေါ် တစ်ကမ္ဘာလုံးလွှမ်းခြုံ စုစည်းမှုဖြစ်စဉ်က လီဆိုသိုဘုရင့်နိုင်ငံကလေးကို နောက်ချန်ထားမည် မဟုတ်ပါပေ။ ။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တည်ဆောက်ပေးထားပြီးဖြစ်သည့် လမ်းတံတား ဆည်မြောင်းတာတမံအခြေခံကောင်းများ ထိထိမိမိအသုံးချ

✻ ကျောဖုံးမှ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ပူတာအိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေးက ပူတာအိုခရိုင်ဖွဲ့စည်းမှု၊ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးထွက်ရှိမှု အဓိကသီးနှံ(၁၀)မျိုးတွင် ဝါမှအပအခြားသီးနှံ ကိုးမျိုးစိုက်ပျိုးထွက်ရှိမှု၊ လုပ်မြေနှင့်မြေရိုင်းဖော်ထုတ်မှု ဒေသဝမ်းစာ ဆန်နှင့်စားသုံးဆီဖူလုံမှု၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်များနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ နယ်မြေတာဝန်ခံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများပါဝင်သည့်အဖွဲ့သည် ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုပြီး ဆက်လက်ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည်များကို ပံ့ပိုးပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ပူတာအိုခရိုင်သည် ကချင်ပြည်နယ်၏ မြောက်ဘက်တွင်တည်ရှိသကဲ့သို့ မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းကျသည့် ခရိုင်တစ်ခုလည်းဖြစ်ကြောင်း၊ လူဦးရေများပြားလှသည့် နိုင်ငံကြီး နှစ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိလျက်ရှိသည့် ခရိုင်ဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများအတွက် လွန်စွာအရေးပါကြောင်း။

အခြေခံကောင်း

ပူတာအိုခရိုင်အတွင်း သဘာဝသယံဇာတ ပေါများကြွယ်ဝသည့်အပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် မြစ်၊ ချောင်းများလည်း များစွာရှိကြောင်း၊ ထို့အပြင် ရေခဲများ ဖုံးလွှမ်းလျက်ရှိသော တောင်များ၊ သဘာဝ လှပသည့်ရှုခင်းများ၊ သစ်တောကြီးများ၊ သဘာဝအလှအပများမှာလည်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အခြေခံကောင်းများဖြစ်ကြောင်း၊ ထို့ကြောင့် ပူတာအိုခရိုင်သည် ကချင်ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရလဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကချင်ပြည်နယ် အပါအဝင် ကျန်နေရာဒေသများ၏ ရေ၊ မြေ၊ ရာသီဥတုအခြေအနေမှာ စိုက်ပျိုးရေးအတွက် အခြေခံကောင်းများနှင့် ပြည့်စုံလျက်ရှိကြောင်း၊ ထို့အပြင် သစ်တော၊ ဝါးတောကြီးများ ဖြစ်ထွန်းပေါက်ရောက်လျက်ရှိပြီး ဆန်စပါးစိုက်ပျိုးထုတ်လုပ်နိုင်သည့်အပြင် သား၊ ငါး၊ သတ္တုစသည့် သယံဇာတများလည်း ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် လူ့ဘဝ၏ အရေးကြီးဆုံးလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးအတွက် ပူပင်စရာမလိုသော်လည်း မိမိတို့တွင် ရှိပြီးဖြစ်သည့် သဘာဝအခြေခံကောင်းများကို လက်တွေ့ဝီရိယစိုက်ထုတ် အလုပ်လုပ်လျက် မိမိတို့လူနေမှု အဆင့်အတန်းတိုးတက်ရန် ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လာကြသည့် တိုင်းရင်းသား ညီနောင်များနေထိုင်ရာ ပြည်နယ်နှင့်တိုင်းများအတွင်းရှိ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တစ်နိုင်တစ်ပိုင်

ပူတာအိုခရိုင်အတွင်း တောတောင်များ ထူထပ်ပေါများလှသည့်အတွက် လမ်းများကို ဖောက်လုပ်အဆင့်မြှင့်တင်ရန် ခက်ခဲသော်လည်း မိမိတို့ နည်းမျိုးစုံသုံး၍ ကြိုးစား ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ယမန်နေ့ကပင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လမ်းဖောက်လုပ်ရေး၊ တစ်နိုင် တစ်ပိုင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ရေးကိစ္စ၊ နောင်မွန်ကို အခြေပြု၍ ပူတာအို-နောင်မွန်ကားလမ်း၊ နောင်မွန်-ခေါ်ဘူဒဲကားလမ်း ဖောက်လုပ်ရေးကိစ္စများကို ညှိနှိုင်းစည်းဝေးခဲ့ကြကြောင်း၊ မြစ်ကြီးနား-တနိုင်း ကားလမ်းဘေးတွင်လည်း ကြံနှင့် ပီလောပီနံ စိုက်ကွင်းကြီးများကို ပုဂ္ဂလိက လုပ်ငန်းရှင်များက စိုက်ပျိုးလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံပြီး နေရာဒေသအားလုံးမှာ ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်စေရအောင် မျက်ခြည်ပြတ်မခံဘဲ အခြေအနေပေးသည်နှင့်အမျှ ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

သိသိသာသာဖွံ့ဖြိုး

ဤဒေသအနေဖြင့် ယခင်ကာလများက တည်ငြိမ်အေးချမ်းမှု မရှိခဲ့၍ ဒေသဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည်ကို ဒေသခံများအားလုံး အသိပင်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူသည့်အချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ရရှိအောင်ကြိုးပမ်းတည်ဆောက်နိုင်ခဲ့ကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့် ဒေသများအလျင်အမြန် တိုးတက်လာအောင် တစိုက်မတ်မတ်အလေးထား ဆောင်ရွက်ခဲ့သဖြင့် ယခုဆိုလျှင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေးလုပ်ငန်းများ သိသိသာသာ ဖွံ့ဖြိုးလာခဲ့ပြီး တိုင်းရင်းသားပြည်သူများ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှု ရလဒ်ကောင်းများ ရရှိခံစားနေနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာဖြင့် လုပ်ဆောင်ချက်များကြောင့် တိုင်းရင်းသားညီနောင်အချင်းချင်း စည်းလုံးညီညွတ်သည့် စိတ်ဓာတ်များ ပိုမိုဖြစ်ထွန်းလာခဲ့ကြောင်း။

ယနေ့အချိန်တွင် နယ်စပ်ဒေသများအပြင် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက်လည်း လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးမှုများမှာလည်း အရှိန်ရလျက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်က ဒေသအားလုံး ဖွံ့ဖြိုးအောင် လုပ်ဆောင်နိုင်ခြင်း၏ အဓိကအကြောင်းတရားမှာလည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများကြောင့်ပင်ဖြစ်ကြောင်း။

ဝီရိယစိုက်ထုတ်

ယနေ့ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းပမာဏမှာ ကြီးမားကျယ်ပြန့်လှသည့်အလျောက် ပြည်သူများအပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရက လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံများစွာ တည်ဆောက်ပေးထားပြီးဖြစ်၍ ယင်းအခြေခံကောင်းများကို ထိထိမိမိအသုံးချပြီး မိမိတို့ လူမှုစီးပွားဘဝတိုးတက်လာအောင် ဝီရိယစိုက်ထုတ် အလုပ်လုပ်ကြရန် မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များမှာ လူသားစွမ်းရည်မြင့်မားရေးဖြစ်ကြောင်း၊ ဒေသအားလုံးမှာ အခြေခံပညာနှင့်အဆင့်မြင့် ပညာရပ်များ၊ သိပ္ပံနှင့်နည်းပညာရပ်များကို လွယ်လွယ်ကူကူ သင်ယူတတ်မြောက်နိုင်စေရန် ပြည်နယ်နှင့်တိုင်း အားလုံးမှာ ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်၍ တက္ကသိုလ်များကို ထူထောင်ပေးခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခင်က ရန်ကုန်-မန္တလေးကဲ့သို့ မြို့ကြီးများသို့ သွားရောက်သင်ယူခဲ့ရာမှ ယခုအခါ မိမိဒေသအတွင်းမှာပင် လွယ်လွယ်ကူကူ သင်ယူနိုင်ကြပြီဖြစ်ကြောင်း။

ခေတ်မီပညာရပ်

အခြေခံပညာကဏ္ဍအပိုင်းတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းများအဖြစ် သတ်မှတ် အဆင့်အတန်းမြှင့်ပေးခြင်းဖြင့် တတ်နိုင်သမျှကိုယ့်ရပ်ကိုယ့်ရွာမှာပင် သင်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် ကျောင်းနေကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေကလေးများ ကျောင်းနေမြဲရေး အစီအစဉ်ကိုလည်း စေတနာရှင်၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခြေခံပညာပြီးဆုံးပါကလည်း အဆင့်မြင့်ပညာရပ်များကို ဖွံ့ဖြိုးရေးဒေသများရှိ တက္ကသိုလ်များမှာပင် ဆက်လက်သင်ယူနေနိုင်ပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာမှာ ဒေသအားလုံးရှိ လူငယ်လူရွယ်များထံသို့ ခေတ်မီပညာရပ်များ အရောက်ပို့ဆောင်ပေးနေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရ၏ စေတနာကို မိမိတို့တိုင်းရင်းသားလူငယ်လူရွယ်များအားလုံး အပြည့်အဝခံစား ရရှိစေရအောင် ဆရာ ဆရာမများအပိုင်းကလည်း မိမိတို့တပည့်သားသမီးများကို အတတ်ပညာသာမက စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်သူများ၊ ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းနှင့် နိုင်ငံတော်၏ စည်းကမ်းဥပဒေများကို လေးစားလိုက်နာသူများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းရှင်သန်သူများဖြစ်အောင် ငယ်စဉ်ဘဝကပင် လေ့ကျင့်သင်ကြားပေးကြရန် အထူးမှာကြားလိုကြောင်း။

ကြိုတင်ကာကွယ်

ထို့အပြင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသအားလုံးတွင် အထူးကုဆေးရုံကြီးများ၊ ဆေးရုံ၊ ဆေးပေးခန်းများ တည်ဆောက်ပေးပြီး ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်စေလွှတ် တာဝန်ပေးအပ်ထားကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တိုင်းရင်းသားများ ကျန်းမာကြံ့ခိုင်၍ သက်တမ်းစေ့နေလိုသည့်ဆန္ဒအား ပြည့်ဝစွာ စွမ်းဆောင်ပေးကြရန် မှာကြားလိုကြောင်း၊ ဒေသအလိုက်၊ ရာသီအလိုက်ဖြစ်တတ်သည့် ရောဂါများ၊ မိမိတို့နိုင်ငံတွင် အဖြစ်များသည့် ရောဂါများအတွက် ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများ ဟောပြောပို့ချ အသိပညာပေးရန် မှာကြားလိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးကုသမှု စွမ်းရည်အပြင် စေတနာစွမ်းအားကိုပါ ပေါင်းစပ်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

မိမိတိုနိုင်ငံသည် တိုင်းရင်းသား လူမျိုး ၁၀၀ ကျော်တို့ ရှေးနှစ်ပေါင်းများစွာကတည်းက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် နေထိုင်လာကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ကျေးရွာတစ်ရွာ၊ မြို့တစ်မြို့၊ ပြည်နယ်နှင့်တိုင်း တစ်ခုအတွင်းမှာပင် တိုင်းရင်းသားတို့ အစဉ်အဆက် စုပေါင်းနေထိုင်လာခဲ့ကြကြောင်း။

ထိထိရောက်ရောက်

ထို့ကြောင့် နိုင်ငံတော်အစိုးရကိုယ်စား ဒေသအသီးသီးမှ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသနေ ပြည်သူများအတွင်း စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်နေရစေရန်အတွက်လည်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ မိမိတို့တာဝန်ယူကြရသည့် ဒေသများဖွံ့ဖြိုးတိုးတက်အောင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းများ တိုးတက်မြင့်မားအောင် မှန်ကန်သော ဦးဆောင်မှုဖြင့် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ပူတာအိုမြို့နယ်အတွက် ရုပ်မြင်သံကြားစက်ရှစ်လုံးကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းသို့ လည်းကောင်း၊ ပညာရေးဌာနအတွက် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ပုံနှိပ်စာအုပ်မျိုးစုံတို့ကို မြို့နယ်ပညာရေးမှူး ဦးတင်လှသို့လည်းကောင်း၊ ကျန်းမာရေးဌာနအတွက် ဆေးဝါးပစ္စည်းမျိုးစုံကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကြည်လွင်သို့ လည်းကောင်း၊ အားကစားပစ္စည်းများကို ဦးအောင်အောင်ဆွေသို့လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွက် ပုဆိုး၊ အနွေးထည်နှင့် ရေအားလျှပ်စစ်ဒိုင်နမိုများကို မြို့နယ် အတွင်းရေးမှူး ဦးဂွမ်ရိန်ဒီးသို့ လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့အတွက် လှူဒါန်းငွေများကို ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြိုဆို

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပူတာအိုခရိုင် နောင်မွန်မြို့သို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်အား ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် နောင်မွန်မြို့ လုံးမောင်းခန်းမ၌ ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

တင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်၏ဖွဲ့စည်းမှု၊ လူဦးရေ၊ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများကို မေးမြန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ခံများက ပြန်လည်ဖြေကြားကြပြီး ဒေသလိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

● ရှေ့ဖုံးမှ

ဆက်လက်၍ ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်နှင့် ကချင်ပြည်နယ် အင်ဂျင်နီယာမှူး ဦးခင်မောင်ကျော်တို့က လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်မှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်က လေဆိပ်တိုးချဲ့ရေးစီမံကိန်းဆိုင်ရာ သိရှိလိုသည်များကို မေးမြန်း၍ စီမံကိန်းလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီ ပြီးစီးရေး မှာကြားသည်။

တိုးချဲ့တည်ဆောက်

မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်းမှာ မူလက အရှည်ပေ ၆၀၀၀ နှင့် အကျယ်ပေ ၁၀၀ ရှိရာမှ အရှည်ပေ ၇၀၀၀ နှင့် အကျယ်ပေ ၁၀၀ သို့ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ဗလမင်းထင်တံတားသို့ရောက်ရှိကြပြီး ဝန်ကြီးချုပ်က တည်ဆောက်ပြီးသည့်တံတားကြီးများကို ပုံမှန်စစ်ဆေးပြီး ကြံ့ခိုင်ရေးနှင့် လုံခြုံရေး တို့ကို စနစ်တကျဆောင်ရွက်သွားကြရန်မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့၏ တိုးတက်ဖွံ့ဖြိုးစည်ပင်သာယာမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ပူတာအိုမြို့သို့ နံနက် ၁၁ နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

လေဆိပ်ဖွံ့ဖြိုးရေး

ထို့နောက် ဝန်ကြီးချုပ်အား ပူတာအိုလေဆိပ်ဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပူတာအိုလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ခြင်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စူးစမ်းရှာဖွေ

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ပူတာအိုဒေသသည် ကမ္ဘာလှည့်ခရီးသွားများ သဘောကျနှစ်ခြိုက်သည့် သဘာဝအလှအပများဖြင့် ပြည့်စုံသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ထိုဒေသကို အခြေခံ၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်နိုင်ပါက နိုင်ငံစီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ဒေသတစ်ခုဖြစ်လာမည်ဖြစ်၍ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးအပါအဝင် လိုအပ်ချက်များ ပြည့်စုံ အောင် စူးစမ်းရှာဖွေဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ရေအားလျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲရေး အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ပူတာအိုမြို့ခါကာဘိုရာဇီရိပ်သာ၌ ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက ပူတာအိုမြို့ နမ့်ဆွမ်တွင် ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားကီလိုဝပ် (၂၀၀) ထွက်ရှိနိုင်မည့်အခြေအနေ၊ ပူတာအိုမြို့၏ အနောက်ဘက် သုံးမိုင်ခန့်အကွာ နမ့်ခမ့်တီးချောင်း ရေအားအရင်းအမြစ်မှ ရေလွှဲဆည်တည်ဆောက်ပြီး ကီလိုဝပ် ၂၀၀ ဂျင်နရေတာနှစ်လုံးဖြင့်လျှပ်စစ်ဓာတ်အားထုတ်ယူပါက ကီလိုဝပ် ၄၀၀၀ ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က နမ့်ဆွမ်ရေအားလျှပ်စစ် စက်ရုံ၏အထက်ဘက် သုံးမိုင်ခန့်အကွာတွင် ရေလှောင်တမံတည်ဆောက်ပြီး နှစ်မဂ္ဂါဝပ် ဂျင်နရေတာနှစ်လုံးဖြင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်ယူပါက လျှပ်စစ်ဓာတ်အား လေးမဂ္ဂါဝပ်ရရှိနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပူတာအိုလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စပ်လျဉ်း၍ နန့်ပလပ်ချောင်းနှင့် မလိခမြစ်ကြားတွင် ရေလွှဲဆည်သုံးခု ထပ်မံတည်ဆောက်ပြီး ဆောင်ရွက်ပါက အကျိုးပြုဧရိယာ ၆၉၉၁ ဧက ဖြစ်ပေါ်ရရှိနိုင်မည့်အခြေအနေ၊ ကောင်းမှုလုံစေတီကားလမ်းနှင့် နန့်ပလပ်ချောင်းကြားတွင် ဆည်နှစ်ခု တည်ဆောက်ပြီး ဆောင်ရွက်ခဲ့သဖြင့် အကျိုးပြုဧရိယာ ဧက ၅၀၀ ရရှိသည့်အခြေအနေ၊ ပူတာအိုမချမ်းဘောကားလမ်းနှင့် ပူတာအိုကောင်းမှုလုံကားလမ်းကြားတွင် ဆည်တစ်ခုတည်ဆောက်ခဲ့သဖြင့် အကျိုးပြုဧရိယာဧက ၅၀၀ ရရှိသည့်အခြေအနေ၊ ပူတာအိုမချမ်းဘောကားလမ်းနှင့် မူလာရှီဒီးချောင်းကြားတွင် ရေလွှဲဆည်နှစ်ခုတည်ဆောက်ခဲ့သဖြင့် အကျိုးပြုဧရိယာဧက ၈၀၀ ရရှိသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ရေအားအရင်းအမြစ်များ ရှာဖွေပြီး လျှပ်စစ်ဓာတ်အားထုတ်ယူရေးနှင့် ပူတာအိုခရိုင်စိမ်းလန်းစိုပြည်ရေးတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်က ပူတာအိုခရိုင်သည် ရှားပါးသည့် ရေခဲဖုံးတောင်တန်းများအပါအဝင် သဘာဝအလှများ ရှိသည့်ဒေသဖြစ်၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့်အတူ ဟိုတယ်လုပ်ငန်းများနှင့် ခြေလျင်တောင်တက်လုပ်ငန်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအိုမြို့ မူလာရှီဒီးကြိုးတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

များလည်း ပေါ်ပေါက်လာနိုင်မှာဖြစ်၍ လမ်းတံတားလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားနှင့် အခြားလိုအပ်ချက်များပါ ပြည့်စုံမှုရှိအောင် စူးစမ်းရှာဖွေ ဆောင်ရွက်ထားကြရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မူလာရှီဒီးကြိုးတံတား အနီးရှိ မလိခဟိုတယ်သို့ရောက်ရှိကြပြီး ဝန်ကြီးချုပ်အား မလိခဟိုတယ်မှ ဦးစောဝင်းခွန်က မလိခဟိုတယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မူလာရှီဒီးကြိုးတံတားအား သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြန်လည်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

အဆိုပါတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီးနောက် အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် အစွန်အဖျားဒေသများတွင် နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများ၊ ဒေသခံများ၊ မြို့မိ မြို့ဖများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပံ့ပိုးပေးရန်ရှိသည်များကို ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

စဉ်ဆက်မပြတ်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်နံတစ်လျားရှိ ဒေသအားလုံး မျှမျှတတဖွံ့ဖြိုးမှုများရရှိစေရန် စဉ်ဆက်မပြတ်လေ့လာသုံးသပ်ပြီး လိုအပ်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့ပြ၊ ကျေးလက်နှင့် နယ်စပ်ဒေသများပါမကျန် လိုအပ်သည့်နေရာများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည့် အချိန်အခါကာလတွင် နိုင်ငံတော်ကိုယ်စား ဒေသအသီးသီးတွင် တာဝန်ထမ်း ဆောင်လျက်ရှိနေကြသည့် ဝန်ထမ်းများအားလုံးကလည်း တိုင်းရင်းသား ပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏ စေတနာ၊ မျှော်မှန်းချက်များပြည့်စုံမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဝန်ကြီးချုပ်က ရုပ်မြင်သံကြားစက်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသို့လည်းကောင်း၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးသို့လည်းကောင်း၊ ဆေးဝါးမျိုးစုံနှင့်ပံ့ပိုးငွေများကို မြို့နယ်ဆေးရုံမှ ဆရာဝန်သို့လည်းကောင်း၊ စားသောက်ဖွယ်ရာနှင့် ပံ့ပိုးငွေများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးသို့လည်းကောင်း၊ ဆားထုပ်များနှင့် ထောက်ပံ့ငွေများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးသို့လည်းကောင်း၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့အတွက် ပံ့ပိုးငွေများကို တပ်ဖွဲ့မှူးများသို့လည်းကောင်း၊ ပန်နန်းဒင်နှင့် ခေါင်လန်ဖူးမြို့များအတွက် လက်ဆောင်ပစ္စည်းများကို ခရိုင်အုပ်ချုပ်ရေးမှူးများသို့လည်းကောင်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးသို့လည်းကောင်း၊ အဝတ်အထည်နှင့် စောင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးသို့လည်းကောင်း၊ စားသောက်ဖွယ်ရာများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးသို့လည်းကောင်း ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်မွန်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ဝန်ကြီးချုပ်သည် ဆေးရုံအားလှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်မွန်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၂ နာရီတွင် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အားပေးစကားပြောကြား

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်သည် ဆေးရုံရှိ ကလေးဆောင်၊ ဖျားနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိရပ်နားကြသည်။

ဝန်ကြီးချုပ်၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇန်နဝါရီ ၂၂ရက် နံနက်ပိုင်းတွင် ပူတာအို တပ်နယ်ဗန္ဓုလခန်းမ၌ ပူတာအိုတပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ဇန်နဝါရီ ၂၂ရက် နံနက်ပိုင်းတွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့် မြို့နယ်အသင်းများမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်အသင်းဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို အားပေးမှာကြားကြသည်။

ထို့အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇန်နဝါရီ ၂၂ရက် ည ၈နာရီတွင် မြစ်ကြီးနားမြို့ နဂါးနှစ်ကောင်ဟိုတယ်၌ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးတို့အား တွေ့ဆုံပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အသေးစိတ်ရှင်းလင်းမှာကြားခဲ့ပြီး လုပ်ငန်းရှင်များ၏ မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

ချင်းတွင်းအသင်း(ရန်ကုန်)

နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၄

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ အသက်(၈၀)နှင့်အထက် အသင်းဝင် ဘိုးဘွားများပူဇော်ပွဲ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ အသင်းဝင်များ၏ သားသမီးများနှင့် နိုင်ငံတော်ကချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရ ချင်းတွင်းနယ်သူ နယ်သားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်(စနေနေ့)နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဘာဝနာလမ်းရှိ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ သက်ပြည့်ဘိုးဘွားများ၊ ဂုဏ်ထူးနှစ်ဘာသာနှင့် အထက်ရ အသင်းဝင်များ၏ သားသမီးများ၊ ဆုရပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ပညာသင် ထောက်ပံ့ဆုအတွက် ပညာရေးငွေပဒေသာပင်စိုက်ထူလိုသော ချင်းတွင်း နယ်သူနယ်သား စေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဇော်ဝင်း ဖုန်း–၅၅၂၀၄၄၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် ဖုန်း–၅၃၄၇၆၄၊ ဗိုလ်မှူးကြီးပီကျော်ဟန်(ငြိမ်း) ဖုန်း–၅၇၈၂၉၁၊ ဒေါ်မေစန်းတင် ဖုန်း– ၂၄၆၂၃၁၊ အတွင်းရေးမှူး ဦးဝင်းငွေနှင့် ဦးညွှန့်ဝေ ဖုန်း–၅၂၄၃၈၅၊ ၅၀၀၁၀၅၊ အသင်းတိုက်တည်ရှိရာ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ်ခြ အမှတ် ၂၇ အခန်း ၅၇ တို့သို့ ဖေဖော်ဝါရီ ၂ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းနှင့် အသင်းဝင်အားလုံးနှင့် အသင်းမဝင်ရသေးသည့် ချင်းတွင်းနယ်သားအားလုံး အခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

The Live News ဂျာနယ် ယခုအပတ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၄

နိုင်ငံတကာ သတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံးဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ် (၆၉)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

အိန္ဒိယအပေါင်း တရုတ်ညီမျှခြင်း မဟာအင်အားစု၊ သမ္မတဘုရှ်၏ မအောင်မြင်လှသော အရှေ့အလယ်ပိုင်းဒေသခရီးစဉ်၊ သေနတ်မပစ်တတ်သူကို ရှေ့တန်းပို့နေသော ပါကစ္စတန်နိုင်ငံရေး၊ ဆမ်ဆောင်းကုမ္ပဏီရုံးခန်းအား ရဲတပ်ဖွဲ့ကစီးနင်းရှာဖွေ၊ ဗြိတိန်နိုင်ငံသည် ကိုလိုနီအရှင်သခင် စရိုက်ဥဉ်ဆိုးများ မဖျောက်နိုင်သေးဟု ရုရှားဝေဖန်၊ ဂျပန်နိုင်ငံရှိ မိတ်ဆွေများထံသို့ သွားရောက်လည်ပတ်လိုသူများအတွက် ဗီဇာစည်းကမ်းထုတ်ပြန်ထား၊ ကန့်သတ်ချက်ရှိသော မော်တော်ယာဉ်များဝယ်မည်ဆိုလျှင် လက်ပ်တော့ပ်အမျိုးအစားသစ်တစ်ခု ဇန်နဝါရီလကုန်တွင် ပြည်တွင်းဈေးကွက်သို့ဝင်ရောက်လာတော့မည်၊ ပုလဲဝင်းနှင့် ပေါ့ပေါ့ပါးပါး အမေးအဖြေများ၊ ခွေးသေကောင်ပုပ်ကို လက်နှီးစုတ်ဖြင့် ဖုံးအုပ်၍မလုံနိုင်ပါ၊ စိတ်ညစ်တဲ့ အမူးသမား၊ ပထမဦးဆုံးအဝေးပြေး (High Way) လမ်းမကြီးဖြစ်တဲ့ ပြည်လမ်း (Prome/Pyay Road)၊ တက္ကစီမင်းနှင့် အရှုံးအမြတ်၊ ကိုရီးယား ရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ စန်းနီလာဝင်း၊ မောင်နေလင်း၊ ရဲဇော်(ဓီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ သတင်းတင်ဆက်ထားသည်။

ဆက်သွယ်နိုင်

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ်နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း ၀၀၄၊ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း မုန်းမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က ပဲခူးတိုင်း မုန်းမြို့နယ် တုံးတောရပ်နေ ဦးဖိုးကုလား၏သား မောင်ကျော်ဆွေဦး အသက်(၂၆)နှစ်သည် ကော့ပြင်းကျေးရွာ အရှေ့ဘက် သုံးဖာလုံခန့်အကွာ၌ထင်းခုတ်နေစဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး မောင်ကျော်ဆွေဦး၏ ညာဘက်မျက်လုံးပေါက်ထွက်ကာ မျက်နှာတွင်မိုင်းဆများ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

ရှင်းလင်းဆောင်ရွက်

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့် မောင်ကျော်ဆွေဦးအား တာဝန်ရှိသူများက မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ

ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ

ယှဉ်ပြိုင်ကစား

တောင်အာဖရိကအသင်းနှင့် အင်ဂိုလာအသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

အာဖရိကနိုင်ငံများဖလား ဆက်လက်ယှဉ်ပြိုင် မန်ယူရောက်မည့် အင်ဂိုလာမှ မာနုချို ခြေစွမ်းပြ

ဂါနာ ဇန်နဝါရီ ၂၄

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲအုပ်စုအဆင့် ပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်ကစားလျက်ရှိသည်။

အုပ်စု(ဃ)ပြိုင်ပွဲအဖြစ် တောင်အာဖရိကအသင်းနှင့် အင်ဂိုလာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်ဂိုလာအသင်း တိုက်စစ်မှူး မာနုချိုက ပွဲချိန် ၂၉ မိနစ်တွင် ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်ဂိုး သွင်းယူပြနိုင်ခဲ့သည်။

ခေါ်ယူထား

မာနုချိုသည် မကြာမီက ပရီမီယာလိဂ်ထိပ်တန်းကလပ် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူထားသော ကစားသမားဖြစ်သည်။

သို့ရာတွင် တောင်အာဖရိက တိုက်စစ်မှူး ဟီးယားဒန်းက ပွဲပြီးခါနီးတွင် ချေပဂိုးသွင်းယူလိုက်ခြင်းကြောင့် အုပ်စုတွင်း တစ်မှတ်စီဖြင့်သာ ခွဲဝေယူလိုက်ရသည်။

ယင်းပြိုင်ပွဲတွင် မာနုချိုသည် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ထို့အတူ တောင်အာဖရိကအသင်းသည်လည်း ဂိုးသွင်းခွင့်များစွာ ဖန်တီးနိုင်ခဲ့သည်။ အင်ဂိုလာဂိုးသမား ဂိုးစည်းပေါ်မှ အပိုင်တစ်ဂိုးကို ပုတ်ထုတ်ကာကွယ်ပေးနိုင်ခဲ့သည်။

သရေပွဲ

အုပ်စု(ဃ)တွင် တောင်အာဖရိကအသင်းနှင့် အင်ဂိုလာအသင်းတို့ သရေပွဲကြောင့် တစ်မှတ်စီသာ ရရှိခဲ့ကြပြီး အခြားနှစ်သင်းမှာလည်း သရေပွဲဖြစ်၍ တစ်မှတ်စီသာ ရရှိထားသည်။

တူနီးရှား-ဆီနီဂေါ

အခြားပွဲများအဖြစ် တူနီးရှားအသင်းနှင့် ဆီနီဂေါအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဖက်နှစ်ဂိုးစီ သရေကျသွားသည်။ **(အင်တာနက်)**

ကာလင်းဖလားဗိုလ်လုပွဲ ချယ်လ်ဆီးနှင့် စပါး တွေ့ကြပြီ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇန်နဝါရီ ၂၄

ကာလင်းဖလားအကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းက အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အနိုင်ဂိုး

ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းတွင် မာလူဒါ ဖြတ်တင်ပေးသော ဘောလုံးမှတစ်ဆင့် ဂျိုကိုးလ်က သွင်းယူပေးနိုင်ခဲ့သည်။

သွင်းယူ

ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဂျိုကိုးလ်က ဤသို့ သွင်းယူသွားသည်။ (အင်တာနက်ဓာတ်ပုံ)

စောစောပိုင်းက အနယ်ကာသွင်းယူလိုက်သော ဘောလုံးမှာ အဲဗာတန်ဂိုးဘားတန်းကိုထိမှန်၍ ချယ်လ်ဆီးတို့ တစ်ဂိုး နစ်နာခဲ့ရသည်။

ကာကွယ်ပေးနိုင်

အဲဗာတန်တို့ ချေပဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ်ထိုးဖောက်ကစားခဲ့ရာ ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်နှစ်ကြိမ်တိုင်တိုင် ပုတ်ထုတ်ကာကွယ်ပေးနိုင်ခဲ့သည်။

ချယ်လ်ဆီးတို့ရရှိထားသော အနိုင်ဂိုးကို ပွဲပြီးသည်အထိ ဆက်ထိန်းထားနိုင်သော်လည်း ထပ်မံ ဂိုးမသွင်းနိုင်ခဲ့ချေ။

ချယ်လ်ဆီးအသင်းသည် အဲဗာတန်အသင်းနှင့် ပထမအကျော့ကစားရာတွင်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထား၍ နှစ်ပွဲပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ဗိုလ်လုပွဲ

လာမည့်လတွင် ဝင်ဘာလေကွင်းကြီး၌ ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်ကို အနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်လာသော စပါးအသင်းတို့ ဗိုလ်လုပွဲကစားကြရမည် ဖြစ်သည်။ **(အင်တာနက်)**

ရှာရာပိုဗာ ဂရင်းဆလမ်ဖလားမှန်းနိုင်ပြီ

မဲလ်ဘုန်း ဇန်နဝါရီ ၂၄

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကြီးကို ဇန်နဝါရီ ၁၄ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိပါတယ်။

ရုရှားတင်းနစ်မယ် ရှာရာပိုဗာ၏ အားထည့်ကစားဟန် တစ်ကွက်။ (အင်တာနက်ဓာတ်ပုံ)

ဒီသြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကြီးဟာ ကြီးလေးကြီးပြိုင်ပွဲတွေထဲက တစ်ပွဲအပါအဝင်ဖြစ်လို့ ကမ္ဘာ့ထိပ်တန်း တင်းနစ်ကစားသမားတွေ ပါဝင်ယှဉ်ပြိုင်ကြပါတယ်။

အမျိုးသားပြိုင်ပွဲ

အမျိုးသား တစ်ဦးချင်းပြိုင်ပွဲမှာ ဇန်နဝါရီ ၂၄ ရက်နေ့ ကစားပြီးချိန်တွင် ပြင်သစ်မှ တီဆွန်ဂါက ကမ္ဘာ့နံပါတ်(၂)အဆင့်ရှိတဲ့ စပိန် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်ကို နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာပါပြီ။

သူဟာ ဗိုလ်လုပွဲမှာ အကြိုဗိုလ်လုပွဲကစားနေတဲ့ ကမ္ဘာ့နံပါတ်(၁) ရော်ဂျာဖက်ဒဲယား သို့မဟုတ် ဒီဂျိုကိုဗစ်နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ဒီပြိုင်ပွဲမှာ တီဆွန်ဂါအနေနဲ့ အနိုင်ရခဲ့ရင်တော့ ၎င်းအတွက် ပဌမမြောက် ဂရင်းဆလမ်ဖလားကြီး ဖြစ်ပါလိမ့်မယ်။

ဒါမှမဟုတ် ဒီပြိုင်ပွဲမှာ ကမ္ဘာ့နံပါတ်(၁)ဖြစ်တဲ့ ရော်ဂျာဖက်ဒဲယားသာ ဗိုလ်စွဲခဲ့ရင်တော့ ရော်ဂျာဖက်ဒဲယားရဲ့ ၁၄ လုံးမြောက် ဖလားဖြစ်လာမှာဖြစ်ပါတယ်။ ဖက်ဒဲယားဟာ ဒီပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံလည်း ဖြစ်ပါတယ်။

အမျိုးသမီးပြိုင်ပွဲ

အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲကလည်း စိတ်ဝင်စားစရာပါပဲ။

ဗိုလ်လုပွဲကို တက်လာနိုင်သူတွေကတော့ ရုရှားတင်းနစ်မယ် ရှာရာပိုဗာနဲ့ ဆားဘီးယားတင်းနစ်မယ် အီဗာနိုဗစ်တို့ပဲ ဖြစ်ပါတယ်။ မာရီယာရှာရာပိုဗာဟာ အကြိုဗိုလ်လုပွဲမှာ ဆားဘီးယားနိုင်ငံသူ ဂျန်ကိုဗစ်ကို ၆-၃၊ ၆-၁ နဲ့ နိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်ပါတယ်။

အီဗာနိုဗစ်ကတော့ ဟန်တူချိုဗာကို ၆-၀၊ ၆-၄ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲ တက်ရောက်လာနိုင်ခဲ့ပါတယ်။

ရှာရာပိုဗာဟာ ကျောဒဏ်ရာရနေတဲ့ ဆားဘီးယားနိုင်ငံသူ ဂျန်ကိုဗစ်ကို အလွယ်တကူ ယှဉ်ပြိုင်အနိုင်ယူခဲ့ပါတယ်။ အသက် ၂၀ အရွယ်သာရှိသေးတဲ့ ရှာရာပိုဗာဟာ ရိုက်ချက်တွေ တိကျမြန်ဆန်နေဆဲပါပဲ၊ သူဟာ ဒီပွဲမှာ ဖလားဆွတ်ခူးနိုင်ခဲ့မယ်ဆိုရင် တတိယမြောက် ဂရင်းဆလမ်ဖလားကြီး ဖြစ်ပါလိမ့်မယ်။

ရှာရာပိုဗာဟာ ၂၀၀၄ ခုနှစ်က ဝင်ဘယ်ဒန်ဖလားနဲ့ ၂၀၀၆ ခုနှစ်က ယူအက်စ်အိုးပင်းဖလားတို့ကို ဆွတ်ခူးထားနိုင်ခဲ့သူ ဖြစ်ပါတယ်။

အကယ်၍ ဒီဗိုလ်လုပွဲမှာ ဆားဘီးယား တင်းနစ်မယ် အီဗာနိုဗစ်သာ ဆွတ်ခူးနိုင်မယ်ဆိုရင်တော့ ၎င်းရဲ့ ဒုတိယမြောက် ဂရင်းဆလမ်ဖြစ်လာမှာ ဖြစ်ပါတယ်။

မျှော်လင့်

ရှာရာပိုဗာနဲ့ အီဗာနိုဗစ်တို့ဟာ နှစ်ဦးစလုံး အသက်အရွယ်တွေကလည်းတူ ကစားအားတွေလည်း ညီနေတော့ အမှားအယွင်းနည်းအောင် ကစားနိုင်သူသာ အောင်ပွဲခံနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ။

(အင်တာနက်)

မောင်မောင်မြင့်ဆွေ ရေးသည်

ဆားဘီးယား တင်းနစ်မယ် အီဗာနိုဗစ်၏ ကစားဟန်။
(အင်တာနက်ဓာတ်ပုံ)

အင်တာနက် သတင်းအတိုအထွာ

- အာဆင်နယ်နည်းပြ ဝင်းဂါးသည် အသင်း၏ရှေ့ရေးအတွက် ပေါင် ၁၂ သန်းဖြင့် ဝယ်ယူထားသည့် အသက် ၁၆ နှစ်ရှိ ကစားသမား သီအိုဝေါလ်ကော့ကို အခြားကလပ်များတွင် အငှားချပြီး အတွေ့အကြုံရှာခိုင်းရန် စဉ်းစားနေသည်။

- **စပါးအသင်းသည် ယခုသီတင်းပတ်အတွင်း ဂျူဗင်းတပ်စ် ကွင်းလယ်ကစားသမား တီယာဂိုမင်ဒက်စ်၊ မစ်ဒယ်ဘရော့ တောင်ပံကစားသမား စတီးဝပ်ဒေါင်းနင်းနှင့် ရိန်းဂျား ညာနောက်ခံလူ အလန်ဟတ်တွန်တို့ကို အပြီးသတ်ခေါ်ယူစာချုပ်နိုင်ရန် ဆောင်ရွက်နေသည်။**

- မန်စီးတီးအသင်းသည် ဘိုင်ယန်မြူးနစ်မှ ပိုဒေါ့စကီးအား ခေါ်ယူရေး မအောင်မြင်ခဲ့သောကြောင့် ဆီဗီလာအသင်းမှ ပေါင်ကိုးသန်းတန် ဘရာဇီးတိုက်စစ်မှူး လူးဝစ်ဖာဘီယာနိုကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

- **ဝီဂန်အသင်းသည် ဝက်ဖို့ဒ်တိုက်စစ်မှူး မာလွန်ကီးနှင့် စာချုပ်ချုပ်ဆိုနိုင်ရန်နှင့် ကစားသမားနှင့် ကလပ်အသင်းကြား အပြီးသတ်ဆွေးနွေးနိုင်ရန် မျှော်လင့်လျက်ရှိသည်။**

- နယူးကာဆယ်နည်းပြကီဗင်ကီးဂန်းသည် မစ်ဒယ်ဘရော့မှ ဂျိုနသန်ဝုဂိတ်ကို စပါးအသင်းမှ မခေါ်ယူနိုင်မီ ဦးစွာ စာချုပ်ချုပ်ဆို ခေါ်ယူနိုင်ရန် မျှော်လင့်သည်။

- **မစ်ဒယ်ဘရော့အသင်းသည် စပါးဂိုးသမား ပေါလ်ရော်ဘင်ဆင်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။**

- ဆန်းဒါးလန်းအသင်းသည် ရက်ဒင်းကွင်းလယ်ကစားသမား စတီဖင်ဟန့်ကို တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် ပေါင်ငါးသန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသည်။

ပြည်သူတို့၏ သွားနှင့်ခံတွင်းကျန်းမာရေးကို အထောက်အကူပေးမည့် (၂၈)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်များ နှစ်ပတ်လည်ညီလာခံ

သတင်းအမေးနှင့်အရေး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း (၂၈)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်ညီလာခံနှင့် နဝမအကြိမ် FDI-MDA ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာပိုင်စိုး အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်သူတစ်ရပ်လုံး ကျန်းမာရေး တိုးတက်ကောင်းမွန်စေဖို့ဆိုတာ ဆရာဝန်တွေရဲ့အခန်းကဏ္ဍက အရေးပါတဲ့နေရာမှာရှိပါတယ်။ လူတစ်ဦးစီ ကျန်းမာရေးကောင်းဖို့ဆိုတာ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုချင်းအလိုက် ကောင်းမွန်နေဖို့ လိုအပ်ပါတယ်။ ဒီလိုပြည်သူတွေရဲ့ ကျန်းမာရေးကို တာဝန်ယူ ကုသနေတဲ့ သက်ဆိုင်ရာ ဆရာဝန်တွေရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါတဲ့ နေရာမှာ ရှိနေသလို ဆရာဝန်တစ်ဦးချင်းအလိုက်၊ ဘာသာရပ်အလိုက် စုပေါင်း ဆွေးနွေးမှုတွေနဲ့ ညီလာခံတွေပြုလုပ်တာကလည်း ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် အများကြီး အထောက်အကူရစေတဲ့ အချက်ဖြစ်ပါတယ်။

ဒီလို ပြည်သူ့ကျန်းမာရေးကို အထောက်အကူပြုစေတဲ့ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းရဲ့ (၂၈)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနဲ့ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနဲ့ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ

ကင်ဆာရောဂါများ ခွဲစိပ်ထားရာနေရာတွင် အစားထိုးကုသခြင်းစာတမ်း ဖြစ်ပါတယ်။

တွဲဖက်ပါမောက္ခ ဒေါက်တာမြင့်ဝေ
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်
မန္တလေး

အဖွဲ့အစည်းတို့ရဲ့ နဝမအကြိမ် ပူးတွဲအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းမှာရှိတဲ့ ကုန်သည်ကြီးများဟိုတယ် ပထမထပ်မှာ ဇန်နဝါရီ ၂၃ရက် နံနက်၈နာရီက ကျင်းပခဲ့ပါတယ်။ ဒီညီလာခံဖွင့်ပွဲအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားပေးပါတယ်။

(၂၈)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဆရာဝန်အသင်း နှစ်ပတ်လည်

နိုင်ငံတကာက သွားဘက်ဆိုင်ရာ ပညာရှင်တွေလည်း တက်ရောက်ကြတာမို့ ပညာရပ်တွေ ဖလှယ်ခွင့် ရရှိကြပါတယ်။

ပါမောက္ခဒေါက်တာသိန်းထွင့်
ဥက္ကဋ္ဌ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ
ဆရာဝန်အသင်း

ညီလာခံမှာ မြန်မာနိုင်ငံတစ်ဝန်း အနယ်နယ်အရပ်ရပ်က သွားဆရာဝန်တွေ စုစုစည်းစည်း တက်ရောက်ကြတာ တွေ့ရပါတယ်။ သွားဆရာဝန်တွေ တစ်ဦးနဲ့တစ်ဦး တွေ့ကြဆုံကြ၊ နှုတ်ဆက်ကြနဲ့ စည်စည်ကားကားလည်း ရှိပါတယ်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ နှစ်ပတ်လည်ညီလာခံကျင်းပရမှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းထွင့်ကို မေးမြန်းတဲ့အခါ **"ဒီလို မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ နှစ်ပတ်လည်ညီလာခံကို နှစ်စဉ်ကျင်းပခဲ့တာ (၂၈)ကြိမ်ရှိပါပြီ။ ၁၉၇၉ ခုနှစ်က စတင်ခဲ့တာပါ။ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းနဲ့ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့ရဲ့ ပညာရပ်ဆိုင်ရာ ပူးတွဲအစည်းအဝေးကတော့ နဝမအကြိမ်ရှိပါပြီ"**လို့ ဖြေကြားပါတယ်။

ဒီလို ညီလာခံတွေ ကျင်းပခဲ့တဲ့ အကျိုးကျေးဇူးတွေကို ဆက်လက် မေးမြန်းတဲ့အခါမှာလည်း **"နိုင်ငံတကာက သွားဘက်ဆိုင်ရာ ပညာရှင်တွေလည်း တက်ရောက်ကြတာမို့ ပညာရပ်တွေ ဖလှယ်ခွင့်ရရှိကြပါတယ်။ ပြည်တွင်းက သွားဘက်ဆိုင်ရာ ဆရာဝန်တွေ အချင်းချင်းလည်း တွေ့ဆုံဆွေးနွေးခွင့် ရပါတယ်။ နိုင်ငံတကာက သွားဘက်ဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ ကူညီမှုအခွင့်အလမ်းတွေရရှိပြီး ခေတ်မီသွားဘက်ဆိုင်ရာ ကုထုံးနည်းစနစ်တွေ၊ နောက်ဆုံးပေါ် သွားဘက်ဆိုင်ရာ ပစ္စည်းကိရိယာတွေကိုလည်း ထိတွေ့လေ့လာခွင့် ရရှိနိုင်ကြတယ်"** လို့ ပါမောက္ခ ဒေါက်တာသိန်းထွင့်က ပြောပြပါတယ်။

အချိန်နဲ့အမျှ တိုးတက်ဖြစ်ထွန်းနေတဲ့ သွားဘက်ဆိုင်ရာ ကျန်းမာရေး ကုထုံးတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့ လိုအပ်လာတဲ့ ဒီအချိန်မှာ အခုလို ညီလာခံတွေ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ ဆရာဝန်တွေနဲ့ တွေ့ဆုံခွင့်၊ ဖလှယ်ခွင့်ရရှိတာကလည်း သွားဘက်ဆိုင်ရာ ကျန်းမာရေးအတွက် အများကြီး အထောက်အကူရရှိစေပါတယ်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်းအနေနဲ့ လက်ရှိဆောင်ရွက်မှုတွေ၊ စဉ်ဆက်မပြတ် ဘာသာရပ်အလိုက် ဟောပြောပွဲတွေ၊ ပြည်သူ့ကျန်းမာရေး အကြံပေးမှုတွေ၊ ကွင်းဆင်းကုသမှုတွေနဲ့ အသိပညာ ဖြန့်ဖြူးပေးမှုတွေကို ပြုလုပ်နေကြောင်းလည်း ပါမောက္ခ ဒေါက်တာသိန်းထွင့်က ပြောပြပါတယ်။

သွား၊ ခံတွင်းနဲ့ပတ်သက်တဲ့ ပြည်သူတွေကို ပညာပေးမှုဆိုင်ရာ စာတမ်းတွေ ဖတ်ကြားမှာ ဖြစ်ပါတယ်။

ဒေါက်တာကိုကိုမော်
ဒုတိယညွှန်ကြားရေးမှူး
ကျန်းမာရေးဦးစီးဌာန

အဲဒီနောက် အခုညီလာခံကို တက်ရောက်လာတဲ့ သွားဘက်ဆိုင်ရာဆရာဝန်တွေနဲ့ ပြည်ပက သွားဘက်ဆိုင်ရာ ပညာရှင်တွေရဲ့ အရေအတွက်ကို မေးမြန်းတဲ့အခါ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာစိန်မြအေးက **"ပြည်တွင်းက သွားဘက်ဆိုင်ရာ ဆရာဝန် ၃၀၃ဦးနဲ့ ပြည်ပက ပညာရှင် ၁၅ဦး တက်ရောက်ကြပါတယ်။ စုစုပေါင်း ၃၁၈ဦးရှိပြီး မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်တွေ အနေနဲ့ မိမိတို့ဆန္ဒနဲ့အညီ စာရင်းပေး တက်ရောက်ပါတယ်။ ဒီညီလာခံမှာ စာတမ်းဖတ်ပွဲတွေလည်း ထည့်သွင်းထားပြီး စာတမ်းရှင်ကိုးဦးက သူတို့ပြုစုထားတဲ့ စာတမ်းတွေ ဖတ်ကြားကြမှာပါ။ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာတွေ တိုးတက် မြင့်မားရေး၊ သွားဘက်ဆိုင်ရာ ခေတ်မီကိရိယာတွေကိုလည်း ကြည့်ရှုလေ့လာသိရှိနိုင်ရေးနဲ့ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ သွားဘက်ဆိုင်ရာ ဆရာဝန်တွေ တစ်နှစ်တစ်ခါ တွေ့ဆုံပြီး အကြံကောင်းဉာဏ်ကောင်းတွေ ဖလှယ်ခွင့်ရရှိစေတဲ့ အကျိုးကျေးဇူးလည်း ဒီညီလာခံက ရရှိစေပါတယ်"**လို့ ဖြေကြားသွားပါတယ်။

ဆက်လက်ပြီး (၂၈)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာညီလာခံမှာ စာတမ်းဖတ်ကြားမယ့် ကျန်းမာရေးဦးစီးဌာန၊ သွားနှင့် ခံတွင်းဌာနစိတ်ရဲ့ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာကိုကိုမော်နဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ **"ကျွန်တော်က ၁၉၉၅ ခုနှစ်ကတည်းက နှစ်စဉ်စာတမ်းတွေ တင်ခဲ့တာပါ။ ဒီနှစ်မှာတော့ ကျွန်တော်တို့ဌာနစိတ်အနေနဲ့ ပြည်တွင်းမှာ ပြန့်ကျဲနေတဲ့ သွားဆရာဝန်တွေကို စုစည်းပြီး သွားဘက်ဆိုင်ရာ ကုသမှုတွေ ပြုလုပ်မယ့် အစီအစဉ်နဲ့ နိုင်ငံခြားက ပညာရှင်တွေနဲ့ပေါင်းစပ်ပြီး ဘယ်လိုပူးပေါင်း ဆောင်ရွက်သွားမယ်ဆိုတဲ့စာတမ်းနဲ့ သွား၊ခံတွင်းနဲ့ ပတ်သက်ပြီး ပြည်သူတွေကို ထိရောက်တဲ့ အသိပညာပေးမှုဆိုင်ရာ စာတမ်းတွေ ဖတ်ကြားမှာဖြစ်ပါတယ်"**လို့ ဖြေကြားသွားပါတယ်။

ဒီစာတမ်းတွေမှာ ပြည်သူတွေ နက်နက်ရှိုင်းရှိုင်းသိရှိအောင် ဘယ်လိုနည်းလမ်းတွေနဲ့ ဆောင်ရွက်မယ်ဆိုတာတွေ၊ ပြည်သူတွေ ကျန်းမာရေးအသိ ရရှိလက်ခံအောင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာတွေ ပါဝင်တယ်လို့ ဒေါက်တာ ကိုကိုမော်က ရှင်းပြသွားပါတယ်။

ဆက်လက်ပြီး စာတမ်းရှင်တစ်ဦးဖြစ်တဲ့ မန္တလေး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ မေးရိုးနဲ့ခံတွင်း ခွဲစိတ်ကုပညာဌာနက တွဲဖက်ပါမောက္ခ ဒေါက်တာမြင့်ဝေကို စာတမ်းနဲ့ပတ်သက်ပြီး မေးမြန်းတဲ့အခါ **"ကျွန်တော် ဖတ်မယ့်စာတမ်းနာမည်က မေးရိုးအောက်ခြေက အသားနဲ့ အရေပြားကိုယူပြီး ကင်ဆာရောဂါများ ခွဲစိတ်ထားရာနေရာတွင် အစားထိုးကုသခြင်းဆိုတဲ့ စာတမ်းဖြစ်ပါတယ်။ ဒီစာတမ်းမှာ ခံတွင်းကင်ဆာဖြစ်ရင် ခွဲစိတ်လိုက်တဲ့အခါ အပေါက်တွေဖြစ်သွားမယ်၊ ဒါကို လက်နဲ့အခြားနေရာတွေက အသားကိုယူပြီး အစားထိုးကုသတာနဲ့ မေးရိုးအောက်က အသားကိုယူပြီး အစားထိုးကုသတာက ပိုကောင်းတဲ့အကြောင်း၊ မေးရိုးအောက်ကအသားဟာ ခံတွင်းမှာရှိတဲ့အသားနဲ့ အရောင်တူပြီး ခွဲစိတ်ကုသမှုကလည်း ရိုးစင်းတဲ့အကြောင်းတွေကို တင်ပြထားတာပါ။ ဒီနည်းကို အိန္ဒိယ၊ ဩစတြေးလျနဲ့ တရုတ်နိုင်ငံတွေမှာတော့ ပြုလုပ်နေကြပါပြီ။ မြန်မာနိုင်ငံမှာတော့ ပထမဆုံးအဖြစ် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒါကလည်း ခေတ်ပေါ်နည်းတွေ ရှိပေမယ့် အကောင်းဆုံးခွဲစိတ်မှုတွေ ပြုလုပ်ပေးနိုင်တယ်ဆိုတဲ့ အကြောင်း တင်ပြထားတာပါ။ ကျွန်တော်တို့ဌာနက အားလုံး စုပေါင်းလုပ်ဆောင်ထားတဲ့ ရလဒ်တစ်ခုကို တင်ပြခြင်းဖြစ်ပါတယ်"**လို့ ပြောပြသွားပါတယ်။

ပြည်တွင်းက သွားဆရာဝန် ၃၀၃ဦးနဲ့ ပြည်ပက ပညာရှင် ၁၅ ဦး တက်ရောက်ကြပါတယ်။

ဒေါက်တာ
စိန်မြအေး
မြန်မာနိုင်ငံ
သွားဘက်ဆိုင်ရာ
ဆရာဝန်များအသင်း

ဒါကြောင့် (၂၈)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း နှစ်ပတ်လည်ညီလာခံဟာ ပြည်သူတွေရဲ့ ကျန်းမာရေးကို အထောက်အကူ ရရှိစေတဲ့ ညီလာခံတစ်ရပ်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကလေးပြိုင်

ကရင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမှ ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ၃ရက် နံနက်ပိုင်းက ဘားအံမြို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်အားပေးသည်။ **(ဝ၀၈)**

ဝိုင်းမော်တွင် မာရသွန်အပြေးပြိုင်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုသောအားဖြင့် ဝိုင်းမော်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီမှ ကြီးမှူးကျင်းပသော ဒုတိယအကြိမ် ဝိုင်းမော်လမ်းဆုံမှ ဝါရှောင်ရေလွှဲဆည်အထိ အသွားအပြန် ၂၄မိုင် မာရသွန် အပြေးပြိုင်ပွဲကို ဒီဇင်ဘာ၃ရက် နံနက်၅နာရီက ကျင်းပရာ ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အားကစားသမား ၁၀၅ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံမီးသတ်သင်တန်းဖွင့်ပွဲ ပုလဲ၌ကျင်းပ

ပုလဲမြို့နယ် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီ၏ (၄/၂၀၀၇)အခြေခံမီးသတ်သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၁၀နာရီက ခင်အေးရေနံမော်ရှင်းလင်းဆောင်တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး ရဲအုပ်မောင်မောင်ကြီးနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ တပ်ဖွဲ့မှူးမြင့်ဝေက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းမှာကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်ပျဉ်းမနား ပညာရေးစုံညီပွဲတော်

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဇန်နဝါရီ၁ရက် မွန်းလွဲ ၂နာရီက နေပြည်တော်ပျဉ်းမနား မြို့နယ်ပညာရေးဌာနက ကျင်းပသော ပညာရေးစုံညီပွဲတော်အထိမ်းအမှတ် အခြေခံပညာကျောင်းပေါင်းစုံ ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် ပြသထားသော ရူပဗေဒပြခန်း၊ ဓာတုဗေဒပြခန်း၊ ဇီဝဗေဒပြခန်းနှင့် အိမ်တွင်းမှုသိပ္ပံ ပြခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(၀၉၉)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများအဖြစ် ဇန်နဝါရီ ၄ရက်က ရေတာရှည်မြို့ပေါ် ရပ်ကွက်အသီးသီးတွင် ပိုက်ကျော်ခြင်း အပါအဝင် ပြေးခုန်ပစ်အားကစား ၁၇မျိုးကျင်းပကြပြီး ညနေ ၃နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဆုပေးပွဲအခမ်းအနားကျင်းပရာ ဆုရသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်ကြံခိုင်ဖွံ့ဖြိုးရေးအသင်းဖလား ဘောလုံးပြိုင်ပွဲ

မိုးညှင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား အမျိုးသားဘောလုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ၃၀ရက် ညနေ၃နာရီခွဲက မိုးညှင်းမြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပရာ ဗိုလ်လုပွဲအဖြစ် အင်ကြင်းကုန်းကျေးရွာအသင်းနှင့် ဆယ်မိုင်ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အနိုင်ရရှိသွားသော အင်ကြင်းကုန်းကျေးရွာအသင်းအား ခရိုင်ဥက္ကဋ္ဌ ဦးစိန်ထွန်းက ဆုချီးမြှင့်သည်။ **(ပြည်နိုင်ဖြိုး)**

ဇီဝဓာတ်ငွေ့လောင်စာဆီထုတ်လုပ်မှု ပညာပေး

ခြံစည်းရိုးကြက်ဆူပင်နှင့် ဇီဝဓာတ်ငွေ့လောင်စာဆီ ထုတ်လုပ်မှု အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ၂၆ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းက အမှာစကားပြောကြားပြီး စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ဦးဇွန်မောင်မောင်၊ စာရေးဆရာ ကဗျာဆရာ ကိုရွှေအောင်သင်း၊ ကဗျာဆရာ အယ်ဒီတာ မောင်လွမ်းနွယ်(အောင်လံ)တို့က အသိပညာပေး ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု သန့်ရှင်းရေးဆောင်ရွက်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၂၉ရက်နံနက် ၈နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မောက်မယ်မြို့ရှိ သထုံ မူလမင်းကွန်း ကမ္ဘဋ္ဌာန်းကျောင်းတိုက်၌ နယ်မြေခံတပ်မှ ဗိုလ်မှူးဇော်နိုင်ထွန်းနှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ၊ မြို့နယ်ဥက္ကဋ္ဌဦးစိုးမြင့်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပျော်ဘွယ်တွင် ဌာနဆိုင်ရာများ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများ၊ ပျော်ဘွယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ ဇန်နဝါရီ ၁၉ရက်က မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ဇီးကုန်းကျေးရွာ ဇီးကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇနနှင့် ဘဒ္ဒန္တဉာဏိသရတို့အား ဖူးမြော်ကြသည်။

တွေ့ဆုံ

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ၊ ရပ်ကွက်စည်းရုံးရေးမှူးများ၊ ကျေးရွာလူထု၊ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ **(အပေါ်ပုံ)** ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေး

ဆက်လက်၍ ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများက သပြေပင်နှင့် ဖက်တောကျေးရွာအုပ်စုများတွင် သီးနှံစိုက်ပျိုးမှု၊ စိုက်ပျိုးရေရရှိရေးဆောင်ရွက်မှုနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို တင်ပြဆွေးနွေးကြသည်။

ပျော်ဘွယ်မြို့နယ် သပြေပင်ကျေးရွာအုပ်စုရှိ စွေ့ချောင်းပေါ်တွင် ညောင်ပင် ရေလွှဲဆည်နှင့် မန်ကျည်းပင်ရေလွှဲဆည်၊ ရေသွင်းအဆောက်အအုံ၊ ရေပေးတူးမြောင်းတို့ကို ယခုနှစ်အတွင်း တည်ဆောက်ပြုပြင်၍ ရေရရှိအောင် ဆောင်ရွက်ပေးနိုင်သဖြင့် သီးထပ်စိုက်ပျိုးရေးအတွက် ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမိုင်းအထူးပြု ကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသားကျောင်းသူများ၏ နဝမအကြိမ် အသက် ၆၅ နှစ်အထက် ဆရာကြီး ဆရာမကြီးများ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး အဌမအကြိမ် မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီ တွင် M-3 Food Centerတွင် ကျင်းပမည်ဖြစ်သည်။ အပတ်စဉ်သောကြာနေ့တိုင်း ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ဝေသာလီဆောင်၌ အာစရိယပူဇော်ပွဲအစည်းအဝေး ကျင်းပမည်ဖြစ်သည်။ အလှူငွေနှင့် ညစာစားပွဲလက်မှတ်များကို ဦးဉာဏ်ဝင်း ဖုန်း-၂၀၃၁၅၄၊ ဦးဝင်းနိုင် ဖုန်း-၅၅၂၃၆၅၊ ဦးနန်းအောင် ဖုန်း-၅၇၉၈၃၈၊ ဦးအောင်ကျော်မင်း ဖုန်း-၀၉-၅၀-၂၀၁၆၃၊ဒေါက်တာခင်စောနွဲ့ ဖုန်း-၅၅၆၂၁၇၊ ဒေါက်တာစန္ဒာနိုင် ဖုန်း-၀၉-၅၁-၂၆၄၅၂၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁- ၀၃၃၅၅နှင့် ဒေါက်တာစုစုနိုင် ဖုန်း-၀၉-၅၁-၉၃၀၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တန့်ကြည့်တောင် ဝိပဿနာရိပ်သာ ပရိဝါသ်အဓိဋ္ဌာန်ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၄

နှစ်စဉ် တပို့တွဲလဆန်း ၁ ရက်နေ့တိုင်း ကျင်းပမြဲဖြစ်သော ပရိဝါသ် ဆောက်တည်ခြင်း၊ ဓမ္မသဘင်ကို ပဌမအကြိမ်အဖြစ် တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)၌၁၃၆၉ခု တပို့တွဲလဆန်း ၁ရက်မှ လပြည့်ကျော် ၅ရက်အထိ ကျင်းပမည်ဖြစ်၍ သုဒ္ဒန္တ (၁၀)ရက်၊ အဋ္ဌသမောဓာန ၁၀ ရက်ဖြစ်၍ ၁၀ ဝါရနှင့် အထက် ရဟန်းတော်ဦးရေ ၂၀ သာလက်ခံမည်ဖြစ်ရာ ရဟန်းတစ်ပါးအတွက် ကုဋီ၊ ရေချိုးခန်း စသည့် အပြည့်အစုံပါရှိသည့် သီးသန့်တစ်ပါးနေ ကျောင်းဆောင်ငယ်များ စီစဉ်ထားသည်။ အသားလွတ် ဆွမ်းဟင်းဆက်ကပ်၍ သပိတ်ပါလှူဒါန်းကြရန်နှင့် ပြာသိုလပြည့်ကျော် ၁၁ရက် နောက်ဆုံးထား၍ ကိုယ်တိုင် (သို့မဟုတ်) ဖုန်း-၆၃၈၀၈၈သို့ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် ရိပ်သာသို့ ပြာသို လကွယ်နေ့အရောက် ကြွရောက်ပါရန် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင် ဆရာတော် ဘဒ္ဒန္တသောမဗုဒ္ဓိက ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။ **(က-ပ)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြံခင်း- သရက်လမ်းပိုင်း ဥသျှစ်ပင်နှင့် သရက်အကြားရှိ မင်းတုန်းချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နတ်တလင်းမြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

နတ်တလင်းမြို့နယ်အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဓမ္မာရုံ(ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး)၌ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၃၁ရက်တွင် အသက် (၇၅)နှစ်အထက်ရှိ အသင်းဝင် သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၇ခုနှစ်အတွင်း တက္ကသိုလ်၊ ကောလိပ်အတန်းများတွင် ဂုဏ်ထူးရရှိသူများ၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် အဌမတန်း စာမေးပွဲတို့တွင် ဂုဏ်ထူးရရှိသူများ၊ အခြေခံပညာကျောင်းများတွင်တန်းခွဲအားလုံးပေါင်း ပထမရသူများ၊ တန်းခွဲတစ်ခုချင်းအလိုက် ပထမရသူများနှင့် အခြားထူးချွန်သူများ၏ အမည်စာရင်းကို အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဇန်နဝါရီ ၂၈ရက် နောက်ဆုံးထား၍ ဦးအေး ဖုန်း- ၃၇၂၄၁၅၊ ဒေါ်ဝင်းကြည် ဖုန်း- ၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း ဖုန်း- ၆၆၆၂၇၈၊ ဦးမောင်မောင်မြင့် ဖုန်း- ၂၂၂၂၆၀၊ ဦးလှသန်း ဖုန်း-၅၃၇၈၃၉၊ ဦးခင်အောင် ဖုန်း-၆၁၁၀၄၅၊ ဦးမြင့်ဆွေ ဖုန်း-၅၁၈၀၈၆၊ ဦးသိန်းထွန်း ဖုန်း-၅၈၄၃၀၅နှင့် ဦးဝင်းအောင် ဖုန်း-၀၉-၅၀-၁၂၈၁၀တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကြံခင်း-သရက်လမ်းပိုင်း ရထားလမ်းဖောက်လုပ်မှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက ဧရာဝတီမြစ်အနောက်ဘက်ကမ်း ကြံခင်း- ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ကြံခင်း-သရက် လမ်းပိုင်းအား သွားရောက်စစ်ဆေးသည်။ ရှေးဦးစွာ ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ်အတွင်းရှိ ဥသျှစ်ပင်နှင့် သရက်အကြား၊ ဥသျှစ်ပင်မှ ၂၁ မိုင်အကွာ နေရာတွင် စက်ယန္တရားများဖြင့် မြေသားတာပေါင် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို စစ်ဆေးပြီး ယင်းမှတစ်ဆင့် ဝန်ကြီးသည် ကံမမြို့အဝင်ရှိ တောင်ကုန်းကို စက်ယန္တရားများဖြင့် တူးဖို၍ မြေသားလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် မဒေးချောင်းရေစီးချောင်း ရေလွှဲပြုလုပ်ခြင်းတို့အား စစ်ဆေးသည်။

စမ်းသပ်မောင်းနှင်

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ဒုတိယ ဝန်ကြီး ဦးဖေသန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်တို့ လိုက်ပါ၍ ကြံခင်း-ဥသျှစ်ပင် ရထားလမ်းပိုင်းရှိ ကြံခင်းဘူတာသို့ ရောက်ရှိပြီး ကြံခင်းဘူတာမှ DRC သံလမ်းပြေးယာဉ်ဖြင့် ရထားလမ်း တစ်လျှောက် စမ်းသပ်မောင်းနှင်၍ လိုက်လံစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဥသျှစ်ပင်မှ ၁၉ မိုင်အကွာ ထောက်ကြံ့ကုန်းဘူတာနှင့် ကွင်းလှဘူတာအကြား၌ သံလမ်းအတွင်း ကျောက်ဖြည့်ခြင်း၊ ကျောက်ညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် သူရဲတန်းတံတားအနီး သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ကျောက်ညှိခြင်းတို့ကို စစ်ဆေးသည်။

မကြာမီ

ကြံခင်း-ဥသျှစ်ပင် ရထားလမ်းအပိုင်းသည် မိုင် ၄၀ ရှိပြီး ဘူတာခြောက်ခုပါရှိမည်ဖြစ်သည်။ ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်း ဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် ဥသျှစ်ပင်ဘူတာမှတစ်ဆင့် ပဲခူးတိုင်း ပြည်မြို့သို့လည်းကောင်း၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့လည်းကောင်း ဆက်စပ်သွားလာနိုင်မည်ဖြစ်သည်။ အဆိုပါ လမ်းပိုင်းကို မကြာမီဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ ဝိပဿနာစေတီတော်ကြီး တည်ဆောက်ခြင်းအတွက် အလင်္ကာကျော်စွာ ပန်းချီဆရာကြီး ဦးစောမောင်-ဒေါ်တင်ဦးနှင့် ပန်းချီ ဆရာကြီး ဦးဘမိုး၊ ဒေါ်မေဆင်တို့အား ရည်စူး၍ အမှတ် ၆၀/၆၂ အခန်း ၃၀၃ လေးလွှာ ဗိုလ်ရှင်းရေအိုးစင်လမ်း တာမွေမြို့နယ်နေ ဦးခင်မောင်ကြည်၊ ဒေါ်သန်းသန်းမိုး မိသားစုက အလှူငွေကျပ်သုံးသိန်း လှူဒါန်းစဉ်။ (က-ပ)

ဇန်နဝါရီ ၂၃ ရက်က ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂) ရပ်ကွက်နေ ဦးတင့်လွင်-ဒေါ်ကျင်စွမ်မိသားစု Lwin and Swan Co.,Ltdမှ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ငွေကျပ် ၈၅၀၀၀၀ တန် Canonအမျိုးအစား မိတ္တူကူးစက်တစ်လုံး လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဇန်နဝါရီ ၁ရက်က တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်အနောက်ဘက်ရင်ပြင်(ကြာသပတေးထောင့်)တွင် တည်ဆောက်မည့် အာရုံခံတန်ဆောင်းအတွက် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနေ ဦးစိုးမြင့်–ဒေါ်လှလှထွေး၊ သားသမီးမိသားစုက အလှူငွေကျပ် သုံးသိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၀)

ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာသကျ အတုလမာရ်အောင် ဘွဲ့တော်ဆောင်သော ငါးထပ်ကြီး မြတ်စွာဘုရား (၁၀၇)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပွဲ အခမ်းအနားတွင်ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ စည်းဝေး ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၉၆)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ဝန်ကြီးဗိုလ်ချုပ်လှထွန်း**(အောက်ပုံ)**က အမှာစကားပြောကြားရာတွင် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက် အရှိန်အဟုန် မြင့်မားစေရန်အတွက် လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းရန်၊ ဘဏ်များအားလုံးသည် အတွေ့အကြုံများအပေါ်အခြေခံပြီး ဘဏ်လုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် အသေးစိတ် မှာကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ ဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မဟာဗောဓိစေတီ မနောရမသိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမလေးထပ် သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင် ဦးသာထွန်းဦး–ဒေါ်ရင်ရင်မြ ၂၃၉/ကမာကြည်လမ်း ၂၉ရပ်ကွက် သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းက အလှူငွေကျပ်သုံးသိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ မဟာဗောဓိစေတီ မနောရမလေးထပ်သိမ်ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တနန္ဒိယ ဖုန်း–၀၁–၅၄၀၀၁၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သုံးဆယ်အထက နဝမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

ပဲခူးတိုင်း(အနောက်ပိုင်း)သုံးဆယ် အထက၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)မွန်းတည့် ၁၂ နာရီတွင် သုံးဆယ် အထက ပီမိုးနင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးကံသိမ်း ဖုန်း–၀၅၅–၃၀၁၂၂၊ ဦးမောင်မောင်မြင့် ဖုန်း–၀၅၅–၃၀၀၀၂၊ ဦးနေဝင်း ဖုန်း–၀၅၅–၃၀၅၂၂၊ ဦးလှထူး ဖုန်း–၀၅၅–၃၀၅၃၆၊ ဦးမျိုးတင် ဖုန်း–၀၅၅–၃၀၅၀၈၊ ဦးတင်မောင်ဝင်း ဖုန်း–၀၁–၃၈၇၅၂၂၊ ဦးစိုးမြင့် ဖုန်း–၀၉–၅၀–၁၇၃၇၁နှင့် ဦးသိန်းအောင်(အတွင်းရေးမှူး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ရန်ကုန်သခင်မြ ပန်းခြံဂိတ်မှ စံချိန်မီ အထူးယာဉ်ဖြင့် နံနက် ၇နာရီခွဲတွင် သုံးဆယ်မြို့သို့ ကြို/ပို့ရန် စီစဉ်ထားကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ တီဘီရောဂါနှင့် ပတ်ဝန်းကျင်အကြောင်း ဟောပြောပွဲကို ဇန်နဝါရီ ၂၃ရက်က ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထွန်းသူရက တီဘီရောဂါနှင့် သင့်ပတ်ဝန်းကျင်အကြောင်း ဟောပြောစဉ်။ (၁၇၀)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး စက်သုံးဆီဆိုင်နှင့် ပြည်ရေနံမြေစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇန်နဝါရီ၁၉ရက်က ပြည်မြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီဆိုင်အမှတ် (၀၉၄၀)သို့လည်းကောင်း၊ နွားမယံစံပြကျေးရွာရှိ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (က) သို့လည်းကောင်း သွားရောက်၍ ဝန်ထမ်းများအား တွေ့ဆုံကာ စက်သုံးဆီဖြန့်ဖြူးရေးဆိုင်ရာနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အထူးဂရုစိုက်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ဆိုင်နှင့် ဌာနခွဲများအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်ရေနံမြေသို့ သွားရောက်၍ တွင်းအမှတ် PSC(၁၀၁)မှ သဘာဝဓာတ်ငွေ့ထုတ်ယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအား မှာကြားသည်။

စစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်းသို့ သွားရောက်၍ သဘာဝဓာတ်ငွေ့ပို့လွှတ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်ချက်များကို မှာကြားသည်။

ပါဝင်ဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၉ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်နှင့် မြို့နယ် ခြောက်မြို့နယ်တို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား လည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက်တွင် သာယာဝတီခရိုင် အသင်းရုံး၌ မြို့နယ် ရှစ်မြို့နယ်တို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား လည်းကောင်း**(အပေါ်ပုံ)**၊ လက်ပံတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အလုပ်အမှုဆောင်များနှင့် ရပ်ကွက်၊ကျေးရွာ စည်းရုံးရေးမှူးများအား လည်းကောင်းတွေ့ဆုံကာ အသင်း၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ကျိုက္ကလဲ့စေတီတော် ရွှေသင်္ကန်းကပ်လှူနိုင်

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလဲ့စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေးလုပ်ငန်းကို ဂေါပကအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပန်းဆွဲတော်မှ သပိတ်မှောက်အထိ ရွှေသင်္ကန်းများ ဆက်ကပ်လျက်ရှိသည်။ ကိုးလက်မ ပတ်လည် ရွှေသင်္ကန်းတစ်ချပ်လျှင် ငွေကျပ် ၁၅၀၀၀ဖြင့် လည်းကောင်း၊ ရွှေဆိုင်း တစ်ဆိုင်းလျှင် ငွေကျပ်၂၄၀၀၀ဖြင့်လည်းကောင်း ဂေါပကအဖွဲ့ရုံး ဖုန်း-၆၃၆၀၂၀၊ ဥက္ကဋ္ဌ ဖုန်း-၆၃၆၃၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ (က-ပ)

ဗုဒ္ဓပူဇနိယပွဲတော်နှင့်ဓမ္မပူဇာ

ကမာရွတ်မြို့နယ် အမှတ်(၅)ရပ်ကွက် ကိုးနဝင်းကပ်ကျော်စေတီတော် ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် ဓမ္မပူဇာတရားပွဲကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၅ရက်တွင် ဘဒ္ဒန္တ အရှင်ဇာနေယျ (တိုက်ကြီးမြို့၊ လိမ္မော်ခြံကျေးရွာ၊ မြစိမ်းတောင်တောရ) က ညစဉ် ၈ နာရီမှစ၍ နိဗ္ဗာန် ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ကျွန်းလှမြို့နယ်အသင်း သက်ကြီးပူဇော်ကြမည်

ကျွန်းလှမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အလုံမြို့နယ် ဆဒ္ဒန်လမ်းရှိ အောင်စေတီကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ အသက်(၇၅နှစ်)နှင့် အထက် အဘိုးအဘွားများ၊၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ရန်ကုန်ရှိ ကျွန်းလှမြို့နယ်သူ၊ မြို့နယ်သားများ၏ သားသမီးများသည် ဦးရွှေကျော် ဖုန်း-၆၄၃၉၆၃၊ ဦးသိန်းထွန်း ဖုန်း-၅၇၄၈၉၃၊ ဦးဇော်ညွန့် ဖုန်း-၅၃၇၆၉၀နှင့် ဦးစိန်မောင် ဖုန်း-၀၉-၅၀-၁၀၆၄၈တို့သို့ ဆက်သွယ်သတင်းပေးပို့ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (က-ပ)

၁၉၈၁ ဘူမိဗေဒကျောင်းသားများ အာစရိယပူဇော်ပွဲ

၁၉၈၁ဘူမိဗေဒကျောင်းသားများ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ၂၃ ရက်(စနေနေ့)နံနက် ၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုသူများသည် စိုးညီညီ ဖုန်း-၀၉-၅၀-၁၉၆၄၃၊ ရဲမြတ်စိုး ဖုန်း-၀၉-၅၀-၁၈၆၂၅၊ ဇော်ဝင်းဦး ဖုန်း-၀၉-၅၀-၀၄၄၄၅၊ ဒေါက်တာဝင်းနိုင် ဖုန်း ၀၁-၅၃၄၅၀၉၊ ကျော်ရှိန်သန်း ဖုန်း-၀၉-၅၁-၈၃၁၂၃၊ ကိုညွန့် ဖုန်း-၇၂၅၇၃၆၊ မျိုးမြင့်ဦး ဖုန်း-၀၆၇-၄၁၁၀၀၉၊ မြတ်ဇော် ဖုန်း-၀၉-၈၀-၂၂၁၁၁နှင့် မောင်မောင်နိုင် ဖုန်း-၀၉-၅၁-၂၈၈၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ရှားပါးရေနေသတ္တဝါများ မျိုးထိန်းသိမ်းရေး ပညာပေး

သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ရှားပါး ရေနေ သတ္တဝါများ မျိုးထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်း အခမ်းအနားကို ကျိုက္ခမီမြို့ အောင်သုခရပ်မူလတန်းကျောင်း၌ ဒီဇင်ဘာ ၄ရက်နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဒုတိယဦးစီးမှူး ဦးဇော်မင်းနိုင်က ဝေလငါး၊လင်းရှူး၊လင်းပိုင် သောင်တင်နေမှုအခြေအနေနှင့် ပြုလုပ်ရမည့်အချက်များ ပင်လယ်လိပ်မျိုးထိန်းသိမ်း ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပညာပေးပြောကြားသည်။ (မြို့နယ်ငါးလုပ်ငန်းဦးစီး)

ငါန်းဇွန်မြို့နယ် ကျေးရွာများမီးလင်းပြီ

ငါန်းဇွန်မြို့နယ် ကျောက်တလုံးအုပ်စု ကျောက်တလုံးကျေးရွာနှင့် ရွာသစ်အုပ်စု ဘုရားထူးကျေးရွာများတွင် မီးစတင်လွှတ်ပေးသည့်ပွဲကို ဇန်နဝါရီ၃ရက် နံနက် ၉နာရီက ကျေးရွာအသီးသီး၌ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးတင့်နိုင်က အမှာစကား ပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ဝင်းက မီးစတင်လွှတ်ပေးရာ ကျေးရွာသူရွာသား များက ဝမ်းမြောက်ဝမ်းသာလျက်ရှိကြသည်။ (မြို့နယ် ပြန်/ဆက်)

အခမဲ့ကျန်းမာရေးစောင့်ရှောက်၊ ဆေးဝါးများထောက်ပံ့

ရေဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေးနှင့် အတွင်းရေးမှူး ဒေါက်တာသန်းထွန်း ဦးဆောင်သည့် အဖွဲ့သည် အမျိုးသမီးရေးရာအဖွဲ့နှင့် ပူးပေါင်း၍ ဇန်နဝါရီ ၁၆ ရက်က ရေဦးမြို့ အောင်ဆန်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ အထွေထွေရောဂါဝေဒနာရှင်များအား အခမဲ့ကျန်းမာရေးစောင့် ရှောက်ခြင်းနှင့် ဆေးဝါးများထောက်ပံ့ပေးကြသည်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

ဒေသကောလိပ်ရုပ်ရှင်လုပ်ငန်းအတတ်ပညာ အာစရိယပူဇော်ပွဲ

ရန်ကုန်မြို့ အမှတ်(၂)ဒေသကောလိပ်ရုပ်ရှင်လုပ်ငန်းအတတ်ပညာ ၁၉၇၈ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၂ရက်(စနေနေ့)နံနက် ၉နာရီတွင် ရုပ်ရှင် အစည်းအရုံးခန်းမ (ဝင်္ကဘာလမ်း)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးအောင်ဇော်ဟိန်း ဖုန်း-၂၂၄၉၂၀၊ ၂၂၉၂၂၃၊ဒေါ်လှလှမြင့် ဖုန်း-၀၉-၅၁-၈၁၉၂၄နှင့် ဒေါ်မြင့်မြင့်ထက် ဖုန်း-၂၀၁၈၆၇တို့သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

ကျောက်တံခါးမြို့နယ် ပညာရေးစုံညီပွဲတော်

ကျောက်တံခါးမြို့နယ် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် မြို့နယ်ပညာရေးမှူး ဦးစောဘီသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အခြေခံပညာ အထက်တန်း ကျောင်း အသီးသီးမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ဘက်စုံထူးချွန်ဆုနှင့် ဘာသာရပ် ဆိုင်ရာ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူ ၅၄ ဦးအား မြို့နယ်ဥက္ကဋ္ဌဦးမျိုးတင့်နှင့် မြို့နယ်ပညာရေးမှူး ဦးစောဘီသိန်းတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ (ဝ၆၇)

ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင် စေတီတော်

သတင်းမြင်ကွင်း-သတင်းထောက် ကိုမင်း(အင်းတော်) | စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၂၃

ဇလုံတောင်တော်၏ အမည်သတင်းမှာ ထူးခြားအံ့ဖွယ်ရာ ဂုဏ်ထူးဝိသေသများကြောင့် ယခုအခါ အထက်မြန်မာနိုင်ငံတွင်မက မြန်မာတစ်နိုင်ငံလုံးသို့ ကျော်စောထင်ရှား မွှေးပျံ့လျက်ရှိသည်။

MRTV-3မှ ၂၀၀၆ ခုနှစ်တွင် သမိုင်းဝင် ဇလုံတောင်တော်မြတ်ကြီးဆီအထိ တောလမ်းခရီးကြမ်းကို ဖြတ်သန်းပြီး ရုပ်မြင်သံကြားကြည့်ရှုသူများ ကုသိုလ်ပွားများနိုင်ရန် ရိုက်ကူးပူဇော်ပြသခဲ့သည်။ MRTV-3 အနေဖြင့် ဆင်းရဲပင်ပန်းမှုဒဏ်တွေ ကျော်ဖြတ်ပြီး စေတနာသဒ္ဓါတရားထက်သန်လှစွာ သာသနာအပေါ်ထားရှိသော စေတနာသဒ္ဓါမှုအား အလေးအနက်ပြုမိပါသည်။

တည်နေရာ

ဇလုံတောင်တော်သည် စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ရှိသည်။ ဗန်းမောက်မြို့မှ မြောက်ဘက်၁၂မိုင်၂ဖာလုံခန့်အကွာ တောအတွင်းပင်လယ် ရေမျက်နှာပြင်အထက် အမြင့်ပေ၃၀၉၀မြင့်သော တောင်ပေါ်တွင်တည်ရှိသည်။ မြေပုံညွှန်းမှာ အက်စ်ဂျီ ၄၅၁၃၄၉ ဖြစ်သည်။ ထိုတောင်တော်သည် သံတောင် ၄၄၄ တောင်အမြင့်ရှိသည်ဖြစ်၍ ပေအားဖြင့်၆၆၆ပေ မြင့်သည်။

သက္ကရာဇ် ၁၂၇၆ ခုနှစ်တွင် စက်တောကိုးဌာနဂိုဏ်းဝင် ကန်ရွာကျောင်း ဆရာတော်နှင့် တိုက်သူကြီးဦးရွှေသီး ဝေးနီးမြို့ရွာ ဒါယကာတို့က ကြေးချိန် ၂၅ ပိဿာရှိ ကြေးခေါင်းလောင်း သွန်းလုပ်လှူဒါန်းကြသည်။

သက္ကရာဇ် ၁၂၉၇ ခုနှစ်တွင် သောင်သွတ်မြို့ ဝဲတက်ရွာဇာတိ အရှင်ကုဝေရက သားတော်တောင်တွင် ဂန္ဓကုဋိတိုက် စေတီငါးဆူတည်ပြီး ဉာဏ်တော်လေးပေရှိ လိုတိုင်းပြည့် ဗျာဒိတ်ပေး (ပဋ္ဌလောဟာ)ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ သွန်းလောင်း၍ သာသနာပြုသည်။

သက္ကရာဇ် ၁၃၁၁ ခုနှစ်တွင် စက်တောကျောင်းဆရာတော်ကြီးနှင့် အလယ်ရွာ၊ ကန်ရွာ၊ အနောက်တော ဆရာတော်များဦးဆောင်၍ ဝေးနီးမြို့ရွာ ဒါယကာတို့က အောင်တော်မူ၊အောင်ဆုယူစေတီတော်များကို မွမ်းမံပြင်ဆင်၍ ရွှေထီးတော်အသစ်တင်လှူကာသာသနာ ပြုခဲ့ကြောင်း သာသနာ့ မော်ကွန်း ကျောက်စာတွင် ဖော်ပြထားသည်။

ဇလုံတောင် တောင်ထိပ်ပေါ်မှနေ၍ ဇလုံတောင် တောင်ရိုးပတ်ဝန်းကျင်ကိုရှုမျှော်ကြည့်ရသည်မှာ စိမ်းညို့အုပ်ဆိုင်းလျက်ရှိသော တောရိပ်တောင်ရိပ် သဘာဝအလှတို့ဖြင့် ကြည်နူးမဆုံးနိုင်အောင် ငြိမ်းချမ်းသာယာလှ။

ဇလုံတောင်တော်ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်သင်္ကြန်ကာလကစတင်ပြီး ကဆုန်လပြည့်နေ့ အထိကျင်းပခဲ့ရာ ပွဲတော်ကာလအတွင်း ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့သည်။ ၁၃၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် တောင်ထိပ်ခမည်းတော်စေတီမှ ည၌၁၂နာရီ အချိန်ခန့်၌ ရောင်ခြည်တော်များ ကွန့်မြူးခဲ့ရာ ဘုရားဖူးလာသူများ ကြည်နူးဝမ်းမြောက်စွာ ဖူးတွေ့ကြရသည်။

ခရီးစတင် ဇလုံတောင်တော်ဆီ

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများသည် ရှေးဦးစွာဗန်းမောက်မြို့သို့ အရောက်သွားကြသည်။ ဗန်းမောက်မြို့မှတစ်ဆင့် ၁၂မိုင်၂ဖာလုံခန့်ဝေးသည့် တောင်ခြေရှိ တယ်ပင်ပြန့်စခန်းသို့ ခရီးဆက်ကြသည်။ တယ်ပင်ပြန့်စခန်းသည် အနယ်နယ်မှ ဘုရားဖူးများ ခရီးတစ်ထောက် နားခိုရာဖြစ်သည်။ ကား၊ ဆိုင်ကယ် ရပ်နားရန်နေရာ များရှိသည်။ ရေချိုးလိုက ချိုးနိုင်သည်။ ကိုယ်လက်သန့်စင်နိုင်သည်။ ပွဲတော်ကာလ အတွင်း စားသောက်ဆိုင်များရှိသည်။ တယ်ပင်ပြန့်စခန်းမှာ ကြည်နူးဖွယ် နေချင့်စဖွယ် အထူးသာယာလှသည်။

လမ်းခရီးတစ်လျှောက်လုံးတွင် တွေ့ရသောကျွန်းပင်ကြီးများမှာလည်း နိုင်ငံ့ ရတနာများဖြစ်သည်။ ကျွန်းပင်ကြီးများလည်း ပေါများပြီး တောတောင်လျှိုမြောင်များ အထပ်ထပ်တည်ရှိသည်။ ဗန်းမောက်မြို့နယ် မံစီရွာမြောက်ဘက်တွင် မြန်မာနိုင်ငံ၏ အကြီးဆုံး ကျွန်းပင်ကြီးတစ်ပင်လည်း တည်ရှိကြောင်း သိရသည်။ လုံးပတ်ကြီးမားသော ကညင်ပင်ကြီးများမှာလည်း ကြီးမားခံ့ထည်ပြီး မိုးပေါ်သို့ထောင်တက် နေသည့်အလား တွေ့ရသည်။

တယ်ပင်ပြန့်စခန်းမှသည် ဇလုံတောင်ကုန်းတော်ဆီသို့ တက်သည့်လမ်းမှာ သမီးတော်တောင်လမ်းနှင့် ရဟတ်ယာဉ်ကွင်းလမ်းဖြင့် လမ်းနှစ်သွယ်ရှိသည်။ သမီးတော်တောင်လမ်းမှာ ခရီးနီးသော်လည်း ကုပ်ကပ်တွယ်တက်ရသောနေရာ များရှိသည်။ တောင်ပေါ်ခရီးတစ်ဝက်တက်အပြီးတွင် ကျောက်ဖျာသို့ရောက်သည်။ ကျောက်ဖျာပေါ်မှ ဇလုံတောင်ထွတ်သို့ မျှော်ကြည့်လိုက်သည့်အခါ ဇလုံတောင် တော်ကို တစ်မျိုးတစ်ဘာသာ ဆန်းကြယ်လှစွာ တွေ့ရသည်။ ဤကဲ့သို့ မြင်တွေ့ ရလျှင်ပင် ဘုရားဖူးလာသူတို့၏ စိတ်နှလုံးကို ညှို့ယူဖမ်းစားနိုင်၍ ကိုယ်စိတ်နှလုံး ကြည်လင်ချမ်းမြေ့မှုအပြည့်ရကြသည်။

ထိုမှ ကျန်ခရီးတစ်ဝက်ကို ဆက်တက်လာသောအခါ တောင်ခြေရင်ပြင်သို့ ရောက်သည်။ တောင်ခြေတွင် ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံ၊ သိမ်ကျောင်း၊ တည်းခိုရာနေရာများ၊ ရေစက်၊ မီးစက်နှင့် ဘုရားပွဲဈေးတန်းနေရာများရှိသည်။ ၁၂လရာသီ ရေမပြတ်သည့် နတ်ရေတွင်းလည်း တွေ့ရသည်။ တောင်ခြေရင်ပြင် မှလည်း ကျောက်တောင်ထွတ်ကြီးပေါ်ရှိ ဘုရားစေတီများကို ကောင်းစွာအာရုံပြု ဖူးမြော်နိုင်သည်။

တောင်တော်ရှိစေတီများသို့

ဘုရားဖူးပြည်သူအများစုမှာ တောင်ခြေရင်ပြင်မှ နံနက်စောစော ဇလုံတောင် တော်ထိပ်ပေါ်ရှိ ဘုရားစေတီများကို တက်ရောက်ဖူးမြော်ကြသည်။ ဤကျောက် တောင်ကြီးသည် ခမည်းတော်တောင်နှင့် မယ်တော်တောင်ဟု ဆိုသော ကျောက် တောင်ကြီးနှစ်တောင် ပူးတွဲရှိနေသည်။ ဘေးအနည်းငယ် နိမ့်သောနှစ်ဖက်တွင် သားတော်တောင်နှင့် သမီးတော်တောင် ကျောက်တောင်ကြီးနှစ်တောင် တွဲနေ သည်။

"လွန်ခဲ့တဲ့နှစ်လေးဆယ်ခန့်က သမီးတော်တောင် ကျောက်တောင်ကြီး ပဲ့ကျခဲ့တယ်။ ဒေသခံများက သမီးခိုးရာလိုက်သွားတယ်လို့ ပြောဆိုခဲ့ကြတယ်။ အဲဒီကျောက်တောင်ကြီး ပဲ့ကျတဲ့အသံဟာ ဗန်းမောက်မြို့နယ် တစ်နယ်လုံး သိမ့်သိမ့်တုန် မြည်ဟည်းရိုက်ခတ်ခဲ့ပါတယ်"ဟု ဇလုံတောင် ဂေါပက အဖွဲ့ဝင် ဦးမျိုးဝင်းက ပြောပြသည်။

ဤကျောက်တောင်ကြီးအပေါ်တွင် ကျောက်တောင်ကြီးတစ်ခုနှင့် တစ်ခု ကြား ကျောက်ကြောမှတစ်ဆင့် ကူးသွားရတယ်။နှစ်ဖက်စလုံး နက်ရှိုင်းကျယ်ဝန်း လှသော ချောက်ကြီးနှင့်ဖြစ်၍ အသည်းယားဖွယ်ရာပင်။

ဤကျောက်တောင်ကြီးကို ပွင့်တော်မူလတ္တံ့သော ငါးဆူမြောက် အရိမေတ္တေယျ ဘုရားပွင့်မည့် မြတ်ဗုဒ္ဓ၏ သလွန်တောင်ဟု ခေါ်ခဲ့သည်။ နောင်တွင် ဒေသခံများက ဇလုံမှောက်ထားသည်နှင့် တူ၍ ဇလုံတောင်ဟုခေါ်ကြသည်။ လွန်ခဲ့သော နှစ်ရှစ်ဆယ်ခန့်က မြေပုံညွှန်းမှာ လည်း သလွန်တောင်ဟု ဖော်ပြထားသည်။

ဤကျောက်တောင်ကြီးတွင် ဇလုံတောင် အရှင်ကြီးရှိကြောင်း၊ ဤဘုရား ဖူးလျှင် အရိမေတ္တေယျဘုရားဖူးရန် စာရင်းဝင်မှာဖြစ်ကြောင်း အဆိုတစ်ရပ် ရှိသည်။ "ဇလုံတောင် အရှင်စာရင်း မဝင်ရင် မေတ္တာရှင်နဲ့ လွဲရမယ်"ဟုဆိုကြသည်။ ထို့ကြောင့် ရပ်ဝေးရပ်နီး ဒေသနေသူများ နှစ်စဉ်လို ဘုရားဖူးလာကြကြောင်း သိရသည်။

ဇလုံတောင် တောင်ထိပ်ပေါ်မှ နေ၍ ဇလုံတောင် တောင်ရိုး ပတ်ဝန်းကျင်ကို ရှုမျှော်ကြည့်ရသည်မှာ စိမ်းညို့အုပ်ဆိုင်းလျက်ရှိသော တောရိပ်တောင်ရိပ် သဘာဝ အလှတို့ဖြင့် ကြည်နူးမဆုံးနိုင်အောင် ငြိမ်းချမ်းသာယာလှသော ဒေသဖြစ်သည်။

ကားလမ်းဖောက်လုပ်ခြင်း

ဇလုံတောင် ဘုရားဖူးသွားလမ်းသည် ယခင်က မတ်စောက်ပြီး ကျောက်ဆောင် များပြားသော လူသွားလမ်းသာ ရှိခဲ့သည်။ ယခုအချိန်တွင် ဤလိုမဟုတ်တော့ပါ။ ဘုရားဖူးကားများ၊ ကာဂို(သရီးကရောင်းများ)၊ ဆိုင်ကယ်များ၊ ဗန်းမောက်မြို့မှ တောင်ခြေ တယ်ပင်ပြန့်စခန်းအထိအရောက် မောင်းနှင်လာနိုင်ပေပြီ။ ဇလုံတောင် တော်ရင်ပြင်ဆီသို့ လေးဖာလုံခန့်သာ ခြေကျင်တက်ရပါတော့သည်။

၂၀၀၄ခုနှစ်တွင် ခုနစ်မိုင်ခန့်၊ ၂၀၀၅ခုနှစ်တွင် နှစ်မိုင်ခန့်၊ ၂၀၀၆ ခုနှစ်တွင် သုံးမိုင်ခန့်ဖောက်လုပ်နိုင်ခဲ့သည်။ ၂၀၀၆ခုနှစ် မတ်လ ၃ရက်နေ့တွင် တောင်ခြေ တယ်ပင်ပြန့်စခန်းသို့အရောက် မြေသားကားလမ်း ဖောက်လုပ်နိုင်ခဲ့သည်။

"ဇလုံတောင် ဘုရားဖူးလမ်းဟာ လမ်းကြောင်းပြေပြစ်ပြီး ကျောက်လမ်း၊ ကတ္တရာလမ်းသာဖြစ်လာရင် ပုပ္ပားတောင်လို၊ ကျိုက်ထီးရိုးလို နိုင်ငံကျော်ဘုရား တစ်ဆူဖြစ်လာမယ်လို့ ယုံကြည်မိပါတယ်။ စစ်ကိုင်းတိုင်းရဲ့ထူးမြတ်တဲ့ ဘုရား ရတနာတစ်ဆူပေါ်ထွက်လာပြီ ဖြစ်ပါတယ်"ဟု ဗိုလ်မှူးဌေးညွန့်က ပြောပြသည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ ဗန်းမောက်မြို့နယ်ရှိ အံ့ဖွယ် ဂုဏ်ဆောင် မြတ်ဗုဒ္ဓအရှင်ကိုယ်တော်မြတ်ကြီး ခေတ္တသီတင်းသုံးတော်မူခဲ့သော ဂေါဒေါပလ္လင်သလွန်တောင် (ဇလုံတောင်)တော်ဆီသို့ ကြွရောက် ဦးခိုက်ဖူးမြော် ပူဇော်ရင်း လမ်းတိုးတက်ကောင်းမွန်ရေး၊ ဇရပ်၊ တန်ဆောင်း၊ ရေ၊ မီးများ ပိုမိုကောင်းမွန်ပြည့်စုံရေး အလှူဒါနပါဝင်ကြခြင်းဖြင့် ဇလုံတောင်တော် သာသနာပြု နိုင်ရေး နှိုးဆော်ရေးသားလိုက်ရပါကြောင်း။ ။ (မြန်မာ့အလင်း)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပူတာအိုခရိုင်သည် နိုင်ငံတော်အတွက် အကျိုးရလဒ်ကောင်းများ ဖော်ဆောင်ပေးနိုင် သဘာဝအခြေခံကောင်းများကို ဝီရိယစိုက်ထုတ်လုပ်ကိုင်၊ လူမှုစီးပွားဘဝ မြင့်မားအောင်ကြိုးပမ်း ဒေသများဖွံ့ဖြိုးရေး တိုးတက်မြင့်မားလာအောင် မှန်ကန်သောဦးဆောင်မှုဖြင့် ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၄

ကချင်ပြည်နယ် ပူတာအိုမြို့တွင်ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ပူတာအိုမြို့ ဖုန်ကန်ရာဇီ ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပူတာအိုခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များနှင့် မြို့မိမြို့ဖများတက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအိုခရိုင် နောင်မွန်မြို့ လုံးမောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သတင်းနှင့် ဆောင်းပါးအညွှန်း

❒ **လီဆိုသို ဘုရင့်နိုင်ငံ**

တိုး၏ သတင်းအက်ဆေး စာ -၇

❒ **ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်စေတီတော်**

ဇလုံတောင်တော်သည် စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ်တွင်ရှိပြီး ဗန်းမောက်မြို့မှ မြောက်ဘက် ၁၂ မိုင် ၂ ဖာလုံခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၉၀ မြင့်သောတောင်ပေါ်တွင် တည်ရှိ။

သတင်းထောက် ကိုမင်း(အင်းတော်)၏
သတင်းမြင်ကွင်းအကျယ် စာ -၁၅

ယနေ့နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းပမာဏမှာ ကြီးမားကျယ်ပြန့်လှသည့် အလျောက် ပြည်သူများ အပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပူးပေါင်း ဆောင်ရွက်ကြရမည်။

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့အများ အားဖြင့် သာယာမည်။